မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၆)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- * စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏ လယ်ယာ၊ သားငါးကဏ္ဍ တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်နေ

လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ရေး မူဝါဒလုပ်ထုံးလုပ်နည်း၊ နည်းပညာနှင့် အရင်းအနှီးများ ခေတ်နှင့်အညီ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

နေပြည်တော် ဇွန် ၂၇

အမျိုးသားဆန်စပါးမူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်း စားနပ်ရိက္ခာလုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယအကြိမ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမျိုးသားဆန်စပါးမူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်း စားနပ်ရိက္ခာလုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယအကြိမ် ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ဆွေးနွေးပွဲဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အက်စကက်အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာနှင့် အက်စကက်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံများ၊ ဘင်းမ်စတက်နိုင်ငံများနှင့် အလှူရှင်နိုင်ငံများမှ သံအမတ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီများ၊ ကုလသမဂ္ဂနှင့် လူမှုရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းတို့မှ ဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❖

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ပြီး လယ်ယာ၊ သားငါး ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အများဆုံးဆောင်ရွက်နေကြသည့် တိုင်းပြည်၏ အဓိက ကုန်ထုတ်လုပ်မှု စွမ်းအားစုကြီးဖြစ်၊ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသည့်အခန်းကဏ္ဍမှ ပါဝင်နေသကဲ့သို့ ကျေးလက်ဒေသ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှသာလျှင် ဆင်းရဲနွမ်းပါးမှုလည်း လျော့ကျလာမည်။

28-6 (01).pmd 1 6/28/2011, 2:22 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၂၈ ရက်)

ရှေးဟောင်းသဘာဝအမွေအနှစ် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံတွင် သဘာဝကဖြစ်တည်နေသော၊ သဘာဝအလှတွင် ပါဝင်နေသော ရှမ်းပြည်နယ်ရှိ အင်းလေးကန်ကြီးသည် နိုင်ငံတော်၏ အဖိုးတန်ရှေးဟောင်းသဘာဝအမွေအနှစ်တစ်ခုဖြစ်သကဲ့သို့ ရှမ်းပြည်နယ်၏ သင်္ကေတတစ်ခုလည်းဖြစ်သည်။

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေး လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဇွန်လ ၂၆ ရက်နေ့က အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ဇလသာလာဆောင်၌ ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တက်ရောက်ခဲ့သည်။

ဒုတိယသမ္မတက အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ ဆောင်ရွက်ရန်နှင့် အင်းလေးကန်ရှိ ဇီဝမျိုးကွဲများရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သုတေသနပြု၍ စာတမ်းများတင်ပြပြီး စာတမ်းပါအချက်များကို အလေးအနက်ထား၍ အကောင်အထည်ဖော်ရန် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းသဘာဝအမွေအနှစ်ဖြစ်ပြီး အာဆီယံတွင် ''ASEAN Cultural Heritage'' အဖြစ် သတ်မှတ်ထားသည့် သဘာဝရေအိုင်တစ်ခုဖြစ်သည်။ အင်းလေးကန်သည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများအတွက် များစွာအထောက်အကူပြုသည်သာမက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍအတွက် တစ်ဖက်တစ်လမ်းက ဖြည့်စွမ်းပေးလျက်ရှိသည်။

အင်းလေးကန်ဘီလူးချောင်း၌ စီးဝင်နေသောရေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နေသော လောပိတ ရေအားလျှပ်စစ်သည် မြန်မာနိုင်ငံ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျလျက်ရှိသည်။ အင်းလေးကန်အတွင်းသို့ စီးဝင်လာသော ချောင်းပေါင်း ၂၉ ခုရှိပြီး အဓိကစီးဝင်နေသော ချောင်းလေးချောင်းသည် ရာသီမရွေး စီးဝင်လျက်ရှိသဖြင့် ရေစီးရေလာကောင်းလျက်ရှိသည်။

အင်းလေးကန်ကြီး မတိမ်ကောရေး၊ သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အင်းလေးကန်သာယာလှပစိမ်းလန်းစိုပြည်ရေးတို့ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အင်းလေးကန်ရေဝေရေလဲဒေသများကာကွယ်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်များပြန်လည်ပြုစုစိုက်ပျိုးရေး၊ သဲ၊ နုန်းပို့ချမှုဖယ်ရှားရေးတို့ကို ဆောင်ရွက်သွားရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ အင်းလေးကန်ရေရှည်တည်တံ့ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများကလည်း ရှေးဟောင်းသဘာဝအမွေအနှစ်တစ်ခုအဖြစ် တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် အင်းလေးကန် အစဉ်စိမ်းလန်းသာယာနေမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ထူးချွန်ဆုနှင့် ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၂၄ ရက်က အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က အမှာစကား ပြောကြားသည်။

ထောက်ပံ့ချီးမြှင့်

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် မထသ (ဗဟို)မှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး၊ မထသ (မြောက်ပိုင်းခရိုင်) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ခြောက်ဘာသာ နှစ်ဦး၊ ငါးဘာသာ တစ်ဦး၊ လေးဘာသာ နှစ်ဦး၊ သုံးဘာသာ တစ်ဦး၊ နှစ်ဘာသာ သုံးဦး၊ တစ်ဘာသာ လေးဦး စုစုပေါင်း ၁၃ဦးအား ငွေကျပ် ၇၆၀၀၀၀ ချီးမြှင့်ပေးပြီး မူလတန်း ၄၈ ဦး၊ အလယ်တန်း ၄၄ ဦး၊ အထက်တန်း ၅၁ ဦး၊ တက္ကသိုလ် ၂၇ ဦး စုစုပေါင်း ၁၇၁ ဦးအတွက် ငွေကျပ် ၅၉၅၅၀၀၀ ထောက်ပံ့ခဲ့ကြောင်း၊ ချီးမြှင့်ငွေနှင့် ထောက်ပံ့ငွေစုစုပေါင်းမှာ ငွေကျပ် ၆၇၁၅၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

ရေကြည်မြို့နယ်ရှိ အသုတ်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်

ရေကြည် ဇွန် ၂၇

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ငါးမျိုး ပြုန်းတီးမှုမှကာကွယ်ပြီး ငါးထုတ်လုပ်မှု တိုးတက်စေရေးတို့အတွက် ပုသိမ်ခရိုင် ရေကြည်မြို့နယ် အသုတ်ချောင်းအတွင်း ဇွန် ၂၄ ရက် နံနက် ၈ နာရီက ငါးမျိုး စိုက်ထည့်ခြင်းအခမ်းအနား ကျင်းပသည်။

ငါးမျိုးစိုက်ထည့်

အဆိုပါအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်၊ ရေကြည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင်၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိန်းနှင့်ဝန်ထမ်းများ၊ တိုင်းငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ရေလုပ်ငန်းရှင်များက ငါးကောင်ရေ ခြောက်သိန်းခန့်ကို ငါးမျိုး စိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ)(မြို့နယ်ငါးလုပ်ငန်းဦးစီး)

တိရစ္ဆာန်ရောဂါများအကြောင်း ကျောင်းကုန်း၌ဟောပြော

ကျောင်းကုန်း ဇွန် ၂၇

တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သောရောဂါများအကြောင်း ပညာပေးဟောပြောပွဲကို ဇွန် ၂၄ ရက် ညနေ ၃ နာရီက ကျောင်းကုန်းမြို့ အထက(၂) ဂါးဒီးယန်း ဦးစိန်ဝင်းခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ စိုးသိမ်းက အဆိုပါရောဂါများနှင့် စပ်လျဉ်း၍ ဟောပြောသည်။ **(ယာပုံ)** ထို့နောက် ဝက်နားရွက်ပြာရောဂါ အကြောင်း တက်ရောက်လာသူများက မေးမြန်းမှုများကို မြို့နယ်ဦးစီး အရာရှိ ဦးအောင်သန်းက ပြန်လည်ဖြေကြားသည်။

ဆွေးနွေးဆောင်ရွက်

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်းက မြို့နယ်ဦးစီးအရာရှိ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ အခြေခံမွေးမြူရေးနှင့် ကုသရေး သင်တန်းဆင်းများအားတွေ့ဆုံ၍ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အဖွဲ့များဖွဲ့စည်းခြင်း၊ တိရစ္ဆာန်အဝင်အထွက်ထိန်းချုပ်ခြင်း၊ ရောဂါများဖြစ်ပွားပါက ကုသစောင့်ကြည့်ခြင်းဆိုင်ရာများကို ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် မွေး/ကု)

စားသောက်ကုန်များရောင်းချမှု ထီးလင်းမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ထီးလင်း ဇွန် ၂၇

ထီးလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သက်တမ်းလွန်၊ သက်တမ်းကုန် စားသောက်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိမရှိကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်ဦးဆောင်၍ အမှုဆောင်အရာရှိ ဦးဆန်းထွန်းမင်းနှင့် အဖွဲ့ဝင်များ ဇွန် ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၁၈ ရက်က အင်ဂျင်နီယာမှူး ဦးအောင်ဆန်း၊ ဒုတိယဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် ဝန်ထမ်းများ မေယုလမ်းရေမြောင်းကို တူးဖော်ရှင်းလင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



28-6 (02).pmd 1 6/28/2011, 2:22 AM

တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ငန်းလျာထားအချိန်ဇယားရေးဆွဲပြီးဖော်ဆောင် ပြခန်းများပြသရာ၌ အဆင့်အတန်းမြင့်မြင့်၊ ဆွဲဆောင်မှုရှိရှိ ပြသနိုင်ရေးကြိုးတင်ပြင်ဆင် အမျိုးသားပြတိုက်ကို အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ ဖွင့်လှစ်နိုင်ရေးရည်မှန်းထား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တည်ဆောက်ရေး လုပ်ငန်းများ၊ ခင်းကျင်းပြသရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၇

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ရာဇသင်္ဂဟလမ်းရှိ အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းရှင်းလင်းဆောင်၌ ကျင်းပသည့် အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းများ၊ ခင်းကျင်းပြသရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် (ACE) ဆောက်လုပ်ရေးကုမ္ပဏီနှင့် မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဇော်က အမျိုးသားပြတိုက်(နေပြည်တော်) နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) အဆောက်အအုံများကို ခေတ်နှင့်အညီ ခံ့ညားထည်ဝါပြီး ခမ်းနားစေရန် ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလျာထားမှု အခြေအနေများကို လည်းကောင်း၊ အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကို တာဝန်ယူတည်ဆောက်လျက်ရှိသော မိုးကြယ်စင် ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အမျိုးသားစာကြည့်တိုက်(နေပြည်တော်) တည်ဆောက်ရေး၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဖော်ဆောင်

ဆက်လက်၍ ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က အမျိုးသားပြတိုက်(နေပြည်တော်) နှင့် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဖွင့်လှစ်ပြသရေး၊ ပြခန်းပြကွက်များ ခင်းကျင်းရေးလုပ်ငန်းလျာထားချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရည်မှန်းထား

ထို့နောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းလျာထားမှု အခြေအနေများကို လည်းကောင်း၊ အမျိုးသားပြတိုက်(နေပြည်တော်)ကို တာဝန်ယူ တည်ဆောက်လျက်ရှိသော (ACE) ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အမျိုးသားပြတိုက်(နေပြည်တော်) တည်ဆောက်ရေး၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပြီးစီးမှု များကို လုပ်ငန်းလျာထားအချိန်ဇယားများ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပြခန်းများခင်းကျင်းပြသရာတွင် အဆင့်အတန်းမြင့်မြင့်နှင့် ဆွဲဆောင်မှုရှိရှိ စီစဉ်ပြသနိုင်ရေး အဘက်ဘက်က ပြည့်စုံအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊ မြေယာရှုခင်းနှင့် အရိပ်ရလေကာပင်များကိုလည်း စနစ်တကျ အကွက်ချ၍ ကြိုတင်စိုက်ပျိုး ဆောင်ရွက်ရန်၊ အမျိုးသားပြတိုက်ကို ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမတိုင်မီ ဖွင့်လှစ်ပြသနိုင်ရေး ရည်မှန်းချက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်(နေပြည်တော်)နှင့် အမျိုးသား စာကြည့်တိုက်(နေပြည်တော်) အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားပြတိုက်(နေပြည်တော်)

အမျိုးသားပြတိုက်(နေပြည်တော်)တည်ဆောက်ပြီးစီးမှု အခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား အစ္စရေးနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E.Mr. Yaron Mayer သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအိုင်တီနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေးစသည့် လုပ်ငန်းများတွင် နှစ်နိုင်ငံတိုးမြှင့်ပူးပေါင်း ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝေနမြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၇

ဝေနမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၁၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

နေပြည်တော် ဇွန် ၂၇

သံလွင်မြစ်ရေသည် ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၃၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

မိုးရွာသွန်းမှုများ

၂၇-၆-၂၀၁၁

ကော့ကရိတ်မြို့	၅	ဒသမ	၀၈	လက်မ
ဘီးလင်းမြို့	၄	ဒသမ	၇၂	လက်မ
မြောက်ဦးမြို့	၄	ဒသမ	၄၉	လက်မ
တောင်ကုတ်မြို့	၄	ဒသမ	၄၅	လက်မ
မြဝတီမြို့	၃	ဒသမ	၅၈	လက်မ

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ပိုင်ကျုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်ပွဲ၊ လွှဲပြောင်းပေးအပ်ပွဲနှင့် ပိုင်ကျုံကျေးရွာ ကျန်းမာရေးအတွက် ငွေပဒေသာပင်ကျပ်သိန်း ၁၀၀ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၆ ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းအေး၊ အလှူ့ရှင်မိခင်ကြီး ဒေါ်ခင်စီနှင့် သားသမီးများဖြစ်ကြသော ဦးကျော်တင့်-ဒေါ်ဝင်းကြည် (နေခြည်ဝင်းငံပြာရည်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော် ဇွန် ၂၇

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၂၈ ရက်ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး)

ငွေရတုပူဇာသဘင်အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၇

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး)တို့၏ (၂၅)နှစ်ပြည့် အထိမ်းအမှတ် ငွေရတုပူဇာသဘင် အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏အဓိပတိနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအမှူးပြုသောဆရာတော်များကြွရောက်တော်မူကြပြီးသာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးဒေါ်စန်းစန်းနွယ်နှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

အခမ်းအနားတွင်နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၊ အုပ်ချုပ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်း ဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဂုဏောသနထံမှ ဩဝါဒကထာ နာယူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်/မန္တလေး) တို့တွင် ထူးချွန်စွာ တာဝန်ထမ်းဆောင်ခဲ့သော ရဟန်းပုဂ္ဂိုလ်များအား တက္ကသိုလ်များ၏ အဓိပတိဆရာတော်ကလည်းကောင်း၊ လူပုဂ္ဂိုလ်များအား ပြည်ထောင်စုဝန်ကြီးကလည်းကောင်း တက္ကသိုလ်ဂုဏ်ထူးဆောင် အသိအမှတ်ပြု မော်ကွန်းတင် ဂုဏ်ပြုလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ငပုတော၌ဆောင်ရွက်

ငပုတော ဇွန် ၂၇

ငပုတောမြို့နယ်တွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် မြို့မဈေးအတွင်းနှင့် ရပ်ကွက်များတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးများခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် ကျန်းမာရေးဦးစီးမှူး ဒေါက်တာသင်းသင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်းသိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

တပ်ကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၇

တပ်ကုန်းမြို့နယ် ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ ဆောက်လုပ်ရေးစီမံကိန်းဝင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက ရတနာတန်းဝင် ပိတောက်ပျိုးပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင် ကျွန်း၊ ပိတောက်၊ ပန်းမဲဇလီ၊ ယင်းမာ၊ စိန်ပန်း၊ ကံ့ကော်၊ ငုရွှေဝါ၊ မဟော်ဂနီစသည့် ပျိုးပင်စုစုပေါင်း ၅၀၀ကို စိုက်ပျိုးကြသည်။

တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် မိုးရာသီတွင် သစ်တောဦးစီးဌာနက သစ်ပင်ပျိုးပင် ခြောက်သိန်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက သစ်ပင်ပျိုးပင် ၁၇၀၀၀၀ အပါအဝင် စုစုပေါင်း သစ်ပင် ၇၇၀၀၀၀ စိုက်ပျိုးပြီးစီးကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပျိုးပွဲ သရက်၌ကျင်းပ

သရက် ဇွန် ၂၇

သရက်ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က သရက်မြို့မီးရထားဘူတာရုံဝင်းအတွင်း ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအေး၊ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းလွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ ရေတမာ၊ယင်းမာ၊ စိန်ပန်းကြီး၊ စိန်ပန်းလေး စုစုပေါင်း၅၀၀နှင့် အထက(၁) ကျောင်းဝင်းအတွင်း ကျွန်းပင် ၁၄၀၀ စိုက်ပျိုးခဲ့ကြောင်းသိရှိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

သစ်ပင် စိုက်ပျိုးပွဲ ပေါက်ခေါင်း၌ ကျင်းပ

ပေါက်ခေါင်း ဇွန် ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်၌ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ပေါက်ခေါင်းမြို့နယ် ထောင်ရကျေးရွာ၌ ကျင်းပရာ သစ်ပင်စိုက်ပျိုးပွဲတွင် ပေါက်ခေါင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်လတ်၊ မြို့နယ်သစ်တောဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်းအင်အား ၂၇၆ ဦး စုပေါင်း၍ ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ၊ ယမနေနှင့် ယူကလစ် အပင်ပေါင်း ၁၃၈၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

သံတောင်ကြီး၌ မိုးရာသီ သစ်ပင်စိုက်ပွဲကျင်းပ

သံတောင်ကြီး ဇွန် ၂၇

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောခူးရီနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးပေါ်မောင်တို့က ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများ စုစုပေါင်းအင်အား ၂၅၀တို့က ကျွန်း ၈၀၀၊ မဟော်ဂနီ ၂၀၀၊ ယူကလစ် ၁၅၀၀ စုစုပေါင်းအပင် ၂၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း သတင်းအတိုအထွာ

ကမ္ဘာ့လူဦးရေနေ့ ပြိုင်ပွဲများ ပခုက္ကူ၌ကျင်းပ

ပခုက္ကူ ဇွန် ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ၂၀၁၁ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာ၊ ဆောင်းပါးနှင့်ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အထက(၁) ကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ပိုစတာပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၁၂၀ နှင့် စာစီစာကုံး ပြိုင်ပွဲတွင် ၂၂၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ အဆိုပါ ယှဉ်ပြိုင်ကြရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ညိုမြင့်နှင့် ခရိုင်လူဝင်မှု ကြီးကြပ်ရေးမှူး ဦးကျော်မော်ထွန်းတို့ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရှိရသည်။

(၁၀၂)

ထူးချွန်ကျောင်းသားများအား ချောက်မြို့၌ဂုဏ်ပြု

ချောက် ဇွန် ၂၇

ချောက်မြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၂)မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲက အထက (၂) စုပေါင်းခန်းမ၌ ကျင်းပသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အမှတ်(၂) အထကမှ ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၄ဦး စုစုပေါင်း ၂၂ ဦး ဂုဏ်ထူးရရှိခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝါသီးနှံအထွက်နှုန်းမြင့်မားရေးသင်တန်းဖွင့်

မြင်းခြံ ဇွန် ၂၇

မြန်မာ့စက်မှုလက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်း (ရုံးချုပ်)မှ ကြီးမှူး၍ ဝါသီးနှံအထွက်နှုန်း မြင့်မားစွာရရှိရေး ပညာပေးသင်တန်းကို ဇွန် ၁၅ ရက်နံနက် ၉ နာရီက မြင်းခြံခရိုင်မန်နေဂျာရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး ဦးလှဝင်းတင်၊ ဝါနှင့်ပိုးချည်လုပ်ငန်း(ရုံးချုပ်)မှ အထွေထွေမန်နေဂျာဦးအောင်မော်တို့က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ သင်တန်းတွင် ဝါသီးနှံအထွက်နှုန်း တိုးတက်မြင့်မားရေးအတွက် လိုက်နာရမည့် စိုက်နည်းစနစ်များ၊ ဝါသီးနှံအထွက်နှုန်းမြင့်မားရေးအတွက် ပိုးမွှားရောဂါကာကွယ်ရေး နည်းစနစ်များ၊ ဝါမျိုးတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ဝါသီးနှံအထွက်နှုန်းမြင့်မားရေးအတွက် မြေဩဇာသုံးစွဲရေး စနစ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရှိရသည်။

(၄၃၇)

ထန်းတပင်၌ သုံးဘီးဆိုင်ကယ်မော်တော်ယာဉ်လိုင်းဖွင့်

ထန်းတပင် ဇွန် ၂၇

တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ သုံးဘီးဆိုင်ကယ် မော်တော်ယာဉ်လိုင်းဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက မြို့နယ် သမအသင်းစုရုံးရှေ့၌ ကျင်းပရာ မြို့နယ်သမအသင်းစု ဦးစီးအရာရှိ ဦးစိန်လှက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဥက္ကဋ္ဌ ဦးလှထွန်းက လိုင်းဂိတ်ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ အဆိုပါ မော်တော်ယာဉ်ဂိတ်မှ သုံးဘီးဆိုင်ကယ် ၂၀သည် ကျီတော်၊ ထန်းတပင်နှင့် တောင်ငူသို့ နေ့စဉ် အသွားအပြန် ပြေးဆွဲပေးမည် ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လယ်ယာမြေများ အပြည့်အဝစိုက်ပျိုးရေး နတ်တလင်း၌ဆောင်ရွက်

နတ်တလင်း ဇွန် ၂၇

သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဦးဆောင်၍ လယ်ယာမြေများအပြည့်အဝစိုက်ပျိုးရေး၊ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာအသုံးချရေးဟောပြောပွဲကို ဇွန် ၄ ရက် မွန်းလွဲ ၁ နာရီက တံခွန်တိုင်အုပ်စု ကင်မွန်းခြံကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ပွင့်ဖြူ၌မြင့်တက်

ပွင့်ဖြူ ဇွန် ၂၇

ပွင့်ဖြူမြို့နယ်တွင် တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၁၄၄၄ ဦးရှိပြီး အောင်မြင်သူ ၇၄၁ ဦး ရှိသဖြင့် ယခုနှစ်တွင်အောင်ချက်ရာခိုင်နှုန်းမှာ ၅၁. ၅၉% ရှိကြောင်း သိရသည်။ ယမန်နှစ် အောင်ချက်ရာခိုင်နှုန်းမှာ ၄၂. ၇၈%ဖြစ်သဖြင့် အောင်ချက်ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်းနှင့် မကွေးတိုင်းဒေသကြီးတွင် အောင်ချက်ရာခိုင်နှုန်း ပွင့်ဖြူမြို့နယ်မှ ပထမရရှိကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထန်းဇင်ကျေးရွာ အလယ်တန်းကျောင်းဖွင့်ပွဲကျင်းပ

ယင်းမာပင် ဇွန် ၂၇

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ထန်းဇင်ကျေးရွာအလယ်တန်းကျောင်း ဖွင့်ပွဲကို ဇွန် ၉ ရက် နံနက် ၁၁ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်တင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဟံတင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အစ္စရေးသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaron Mayer သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** မြန်မာနိုင်ငံနှင့်အစ္စရေးနိုင်ငံတို့အကြား နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်အား တရုတ်နိုင်ငံ CEA ညွှန်ချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညာဏ်ထွန်းအောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Earthquake Administration (CEA) မှ ညွှန်ကြားရေးမှူးချုပ် Mr.Hu Chunfeng ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ **(အောက်ပုံ)** မြန်မာနိုင်ငံ၌ မြေငလျင်စခန်းများ ပူးတွဲတည်ဆောက်ရေးဆိုင်ရာ တိုင်းတာရေးလုပ်ငန်းများ တိုးချဲ့ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား အစ္စရေးနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၇

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Yaron Mayer သည် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကာ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း၌ ဧည့်သည်များ ပိုမိုလာရောက်ရေး၊ အားကစားလုပ်ငန်း၌ နည်းပညာဆိုင်ရာ အကူအညီနှင့် အားကစားနည်းဆိုင်ရာ အကူအညီများ ပံ့ပိုးကူညီရေးတို့တွင် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်စေရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr.Yaron Mayer လာရောက် တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆားလင်းကြီးမြို့နယ် ထန်းတောကျေးရွာ မူလတန်းကျောင်း တိုးချဲ့ဖွင့်လှစ်

ဆားလင်းကြီး ဇွန် ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ရွာရှည်အုပ်စု ထန်းတောကျေးရွာ တွဲဖက်မူလတန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်းသို့ တိုးချဲ့ဖွင့်လှစ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။**(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ဦးအောင်ဇော်ဦး၊ မြို့နယ်ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးနှင့် ညောင်ပင်ကြီး အထကခွဲ ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်း၊ ကျောင်းအကျိုးတော်ဆောင်များဖြစ်ကြသော ဦးကံသိန်း၊ ဦးစံငြိမ်း၊ ဦးရွှေဝင်း၊ ဦးသောင်းနိုင်၊ ဦးစိုင်းနိုင်၊ ဦးကျော်ဆန်းတို့နှင့် ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်ပြည် တစ်ဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်း စေရမည်

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးသေဆုံး

နေပြည်တော် ဇွန် ၂၇

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်နေ ဦးတင်တိုး အသက် (၅၃)နှစ်နှင့် ဇနီးဖြစ်သူ ဒေါ်ပီလီ အသက် (၅၅)နှစ်တို့သည် ဇွန် ၂၇ ရက် နံနက် ၁၀ နာရီခန့်တွင် မျှစ်ချိုးသွားရာမှအပြန် မြို့၏အရှေ့ဘက် ကိုက် ၂၀၀ ခန့်အကွာ ခင်နိမ်းမူသချိုင်း၏ အနောက်ဘက် ငှက်ပျောတောအနီးတစ်နေရာ၌ ဒေါ်ပီလီသည် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ယာဘက် ခြေချင်းဝတ်၊ ခြေသလုံး၊ လက်ကောက်ဝတ်၊ ဝမ်းဗိုက်နှင့် တင်ပါးတို့တွင် ဒဏ်ရာများရရှိကာ သေဆုံးခဲ့သဖြင့် တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခြေကျင်လျှောက်သူများ သတိပြုလိုက်နာရန်

(၁) လမ်းညွှန်၊ လမ်းအမှတ်အသားများအတိုင်း လိုက်နာရမည်။
(၂) ယာဉ်ထိန်းရဲရှိလျှင် ၎င်း၏ ညွှန်ပြချက်အတိုင်းလိုက်နာရမည်။
(၃) စကြံ (သို့မဟုတ်) သတ်မှတ်ထားသောလမ်းရှိလျှင် ထိုနေရာများပေါ်မှ သွားရမည်။
(၄) စကြံမရှိလျှင် လမ်း၏ ဝဲဘက်နံဘေးမှကပ်၍ ယာဉ်ကြောကို မျက်နှာမူပြီး လျှောက်ရမည်။
(၅) ဘတ်စ်ကားစီးလိုလျှင် သတ်မှတ်ထားသောနေရာမှစီးရမည်၊ ဆင်းရမည်။
(၆) လမ်းမပိတ်ဆို့ရ၊ ရင်ပေါင်တန်းမလျှောက်ရ။
(၇) မီးသတ်ယာဉ်၊ သူနာတင်ယာဉ်၊ ရဲတပ်ဖွဲ့ယာဉ်စသည့် အရေးကြီးယာဉ်တို့ အချက်ပေးလာလျှင် ၎င်းယာဉ်များကို ဦးစားပေး၍ လမ်းပေါ်မှ အမြန်ဖယ်ရမည်။
(၈) လူကူးရန် ရေးဆွဲထားသည့်နေရာများမှသာ လမ်းဖြတ်ကူးရမည်။
(၉) လမ်းကို ကန့်လန့်ဖြတ်တည့်တည့်ကူးပါ၊ လမ်းပေါ်အလျားလိုက်မျော၍ မကူးရ။
(၁၀) သတ်မှတ်ထားသည့်နေရာများမှ ဖြတ်ကူးလျှင် လက်ယာဘက်ခြမ်းမှ ဖြတ်ကူးပါ။
(၁၁) လမ်းဆုံတွင် ခွင့်ပြုမထားလျှင် ထောင့်ဖြတ်မကူးရ။
(၁၂) ယာဉ်အတွက် မီးစိမ်းပြနေသည့်လမ်းကို မဖြတ်ကူးရ။
(၁၃) ခြေကျင်လျှောက်သူများအတွက် သီးခြားအချက်ပြရှိလျှင် ထိုအချက်ပြမီးက ခွင့်ပြုမှ လမ်းဖြတ်ကူးပါ။
(၁၄) မြင်ကွင်းကွယ်နေသော နေရာမှ လမ်းပေါ်သို့ ရုတ်တရက် ထွက်လာခြင်း၊ လမ်းဖြတ်ကူးခြင်း မပြုရ။
(၁၅) အုပ်ထိန်းသူမပါဘဲ အသက် ၆ နှစ်နှင့်အောက်ကလေးများ လမ်းပေါ်တွင် သွားလာခြင်းမရှိစေရ။
(၁၆) လမ်းဖြတ်ကူးခွင့်ပြုသည့်နေရာမှ လမ်းဖြတ်ကူးသူများကို အနှောင့်အယှက်ဖြစ်စေရန် စကြံပေါ်တွင် ရပ်မနေရ။

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

28-6 (05).pmd 1 6/28/2011, 2:22 AM

ပြည်ထောင်စုဝန်ကြီးများအား တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့

သွားရောက်တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇွန် ၂၇

နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသည့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဇာကာရီ ရက်စ်အယ်လ်ဘာနိုဒါကိုစတာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

တွေ့ဆုံ

ထို့နောက် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်ရန်၊ ကမ်းလွန်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မှု အခြေအနေများအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ရန်အတွက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား တီမောလက်စ်တေဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဇာကာရီ ရက်စ်အယ်လ်ဘာနိုဒါကိုစတာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးညှိခန်းမ၌ သွားရောက်တွေ့ဆုံသည်။

အလားတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းအား တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဇာကာရီ ရက်စ်အယ်လ်ဘာနိုဒါကိုစတာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ၁၂နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညှိခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား ကုန်သွယ်မှုတိုးမြှင့်ရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်လာရေးတို့အပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဇာကာရီ ရက်စ်အယ်လ်ဘာနိုဒါကိုစတာခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးညှိခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဆိုင်ရာကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဇာကာရီရက်စ်အယ်လ်ဘာနိုဒါကိုစတာသည် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ သွားရောက်တွေ့ဆုံ၍ သစ်တောကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့
ဇူလိုင်လ (၃) ရက်

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန်းဌေးအား တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဇာကာရီ ရက်စ်အယ်လ်ဘာနိုဒါကိုစတာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဗီယက်နမ်၌ မုန်တိုင်းတိုက်ခတ်မှု ၁၇ ဦးသေဆုံး၊ ၆၃ ဦး ဒဏ်ရာရရှိ

မောင်ချစ်ကြည် ရေးသားသည်

ဟနွိုင်း ဇွန် ၂၇

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနှင့် မြောက်အလယ်ပိုင်း ပြည်နယ်များတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့်**(ယာပုံ)** ဇွန် ၂၆ရက်အထိ ၁၇ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးကာ ၆၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ်အမျိုးသား စားနပ်ရိက္ခာနှင့် မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီက ဇွန် ၂၇ ရက်၌သတင်းထုတ်ပြန်သည်။

ဆိုးရွား

ဟိုင်ဖုန်းမြို့နှင့် ကွမ်နင်းပြည်နယ်တို့တွင် ဇွန် ၂၇ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိကြောင်း၊ သန်ဟွာနှင့် နီအန်ပြည်နယ်တို့တွင်လည်း သီတင်းတစ်ပတ်ကျော်အထိ မိုးရွာသွန်းလျက်ရှိကြောင်း၊ မိုးရေချိန် ၂၀၀မီလီမီတာကျော်အထိ ရွာသွန်းလျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံမြောက်ပိုင်း တောင်တန်းဒေသများ၌လည်း မိုးသည်းထန်လျက်ရှိကြောင်း သိရသည်။ မုန်တိုင်းကြောင့် စပါးစိုက်ပျိုးမြေဟက်တာ ၁၀၁၅၀၊ အခြား ကောက်ပဲသီးနှံဟက်တာ ၄၀၀၀တို့ ပျက်စီးခဲ့ကြောင်း၊ ဟာဂန်ပြည်နယ်မြောက်ပိုင်းရေလွှမ်းမှုတွင် လူနှစ်ဦးသေဆုံးပြီး ၄င်းတို့မှာ တရုတ်အလုပ်သမားများဖြစ်ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

အမေရိကန်၌ လေယာဉ်ငယ် ဓာတ်ကြိုးနှင့်တိုက်မိပြီး ပျက်ကျ

ချီကာဂို ဇွန် ၂၇



အမေရိကန်နိုင်ငံ ချီကာဂိုမြို့ ရိုမီရိုဗီလီ လေဆိပ်အနီးတွင် ဇွန် ၂၆ ရက်က အင်ဂျင်တစ်လုံးတပ်လေယာဉ် ပျက်ကျခဲ့ရာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ၄င်းလေယာဉ်မှာ ဓာတ်ကြိုးနှင့် တိုက်မိခဲ့၍ ဖြစ်ကြောင်း ချီကာဂိုမီဒီယာများက ဇွန် ၂၇ ရက်၌ ဖော်ပြသည်။

၄င်းလေယာဉ်မှာ ဆက်စ်နာ-၂၁၀ လေယာဉ်အမျိုးအစားဖြစ်ပြီး လေယာဉ်ပေါ်တွင်လူနှစ်ဦးသာ ပါရှိကြောင်း၊ ဇွန် ၂၆ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါလေယာဉ်သည် အိမ်၁၀၀၀ခန့်ကို ဓာတ်အားဖြန့်ဖြူးပေးနေသော ဓာတ်အားကြိုးနှင့်တိုက်မိခဲ့ခြင်းဖြစ်ပြီး ရိုမီရိုဗီလီမြို့ လူးဝစ်တက္ကသိုလ်လေဆိပ်အနီး၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းတာဝန်ရှိသူများက ပြောကြားသည်။**(အပေါ်ပုံ)** **(အင်တာနက်)**

တရုတ်နိုင်ငံတွင် မိုင်းတွင်းပြိုကျ၊ ရှစ်ဦးသေဆုံး

ပေကျင်း ဇွန် ၂၇

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျန်ပြည်နယ်အတွင်း သံသတ္တုမိုင်းတွင်း ပြိုကျသဖြင့် ရှစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဇွန် ၂၆ ရက်က ဖော်ပြသည်။ **(အောက်ပုံ)**

ဖူကျန်ပြည်နယ် ပေဖိန်းမြို့နယ်မှ အဆိုပါ သံသတ္တုမိုင်းမှာ ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၃၀က ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက ဇွန် ၂၅ ရက်တွင် ကြေညာသည်။ သတ္တုမိုင်းတွင်း ပြိုကျမှုကို ဖုံးထားရန်ကြိုးပမ်းပြီးနောက် ထွက်ပြေးသည့် ပိုင်ရှင်တစ်ဦးအား တရုတ်ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း သိရသည်။ သံသတ္တုမိုင်း ပြိုကျရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ဂါဇာစီးတီးအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဂါဇာစီးတီး ဇွန် ၂၇

ဂါဇာမြို့လယ်ရှိ ဟားမတ်စ် လုံခြုံရေးဝင်းအနီး၌ ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ဒဏ်ရာရသေဆုံးမှုမရှိကြောင်း၊ ပါလက်စတိုင်း ဟားမတ်စ် အုပ်စု အသုံးပြုသည့် အဆောက်အအုံ အနီးတွင် ပေါက်ကွဲမှုဖြစ်သဖြင့် အနီးရှိ ကုလသမဂ္ဂခြံဝင်း၏နံရံတွင် နှစ်မီတာ ကျယ်သည့် အပေါက်တစ်ပေါက် ဖြစ်သွားကြောင်း ပရက်စ်တီဗွီက သတင်းထုတ်ပြန်သည်။

ပြောကြား

အခင်းဖြစ်ပွားသည့် နေရာနှင့် ကပ်လျက်ရှိသော အဆောက်အအုံမှာလည်း ဗုံးဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရကြောင်း၊ဖောက်ခွဲဖျက်ဆီးရသည့် အကြောင်းရင်းကို မသိရသေးကြောင်း အဆိုပါ သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

ကိုလံဘီယာ၌ ပစ်ခတ်မှုဖြစ်ပွား၊ ရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိ

ဘိုဂိုတာ ဇွန် ၂၇

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းတွင် ဇွန် ၂၆ ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က ဇွန် ၂၇ ရက်၌ ပြောကြားသည်။

စုံစမ်းစစ်ဆေးလျက်ရှိ

သေနတ်သမားများမှာ ၁၂ ဦးခန့်ရှိကြောင်း၊ မည်သည့်အတွက်ကြောင့် ပစ်ခတ်မှုများဖြစ်ပွားသည်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူး ဝီလျံမွန်တီဇူးမားက ပြောကြားသည်။ ထိုသေနတ်သမားများမှာ အကြမ်းဖက် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာကမ်းခြေနိုင်ငံများသို့ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုကုန်ကူးသူများ ဖြစ်နိုင်ကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

28-6 (06).pmd 1 6/28/2011, 2:22 AM

အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ ပြုစုမွေးထုတ်ပေးရေး သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များ စနစ်တကျဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် အမှတ် (၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင် လိုက်ပါလျက် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေးကောလိပ်၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ ပြုစုမွေးထုတ်ပေးရေး၊ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ရတနာပုံတက္ကသိုလ်၌ တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ စီမံအရာရှိများနှင့် တွေ့ဆုံ၍ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်သွားရေး မှာကြားသည်။

တွေ့ဆုံ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဇွန် ၂၅ ရက်တွင် အထက (၂) ရွှေဘိုခန်းမ၌ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့်လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အမက(၂) မူလွန်ကျောင်းနှင့် အမက(၃၃)မူလွန်ကျောင်းတို့၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့်လည်းကောင်း တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးတက္ကသိုလ်သို့ရောက်ရှိပြီး တာဝန်ခံပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် တာဝန်ရှိသူများ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၈-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၁၅	၅။	ဓမ္မပူဇာတေး
၇:၂၀	၆။	မျိုးချစ်တပ်မတော်
၇:၂၅	၇။	မြန်မာ့ရှုခင်း
၇:၃၀	၈။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၀	၅။	2011 FIFA WOMEN'S WORLD CUP (GERMANY) **Japan Vs New Zealand** (NDD)
၅:၃၀	၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဟာသလွင်ပြင် **(အပိုင်း-၁၄)**
၆:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။	အမျိုးသားရေးတေးကဗျာ
၆:၁၅	၉။	**ဘောလုံးဟာသနှင့်ဂန္တဝင်ဂိုး (၅၀၀)**
၆:၂၅	၁၀။	အောင်မြင်ခြင်းလမ်းမ
၇:၀၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း-၂၃)
၈:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၃။	အမျိုးသားရေးတေးကဗျာ
	၁၄။	ဒို့တာဝန်အရေး(၃)ပါး
	၁၅။	နိုင်ငံတကာသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	မွေးမြူသုတ
	၁၈။	ဟာသရုပ်စုံ
	၁၉။	သီချင်းလက်ဆောင်
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း-၂၈)
	၂၂။	2011 FIFA WOMEN'S WORLD CUP (GERMANY) **United States Vs North Korea (Live)**
	၂၃။	သင့်အတွက်မနက်ဖြန်

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ ကချင်ပြည်နယ်၌ မီးရှို့ဖျက်ဆီး

နေပြည်တော် ဇွန် ၂၇

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း တက်ရောက် အမှာစကားပြောကြားသည်။

ဖတ်ကြား

ရှေးဦးစွာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌထံမှပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်လွင်က ဖတ်ကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဗဟိုအဆင့်၊ ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် တစ်နှစ်အတွင်း မူးယစ်ဆေးဝါးများ အများဆုံးဖော်ထုတ် ဖမ်းဆီးနိုင်သူ ရဲတပ်ဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ကြည့်ရှု

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် "မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြခန်း" ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ အေးမြသာယာလွတ်လပ်ရေးကွင်းအတွင်း ကျင်းပသည့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ ပထမအကြိမ် မီးရှို့ဖျက်ဆီးသည့် အခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

မီးရှို့ဖျက်ဆီး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ် ပစ္စည်းများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးကြသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် မီးရှို့ဖျက်ဆီးသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများမှာ ဘိန်းမည်း ၉၂၇ ဒသမ ၀၅၅ ကီလိုဂရမ်၊ ဘိန်းဖြူ ၃၉ ဒသမ ၆၁၁၂၈ ကီလိုဂရမ်၊ ဘိန်းဆီခဲ ၂၇ ဒသမ ၉၈၁၆ ကီလိုဂရမ်၊ အဆင့်နိမ့်ဘိန်း ၁၇၄ ဒသမ ၀၈၁ ကီလိုဂရမ်၊ ဘိန်းဖြူမှုန့် ၀ ဒသမ ၀၄၇၄ ကီလိုဂရမ်၊ ဘိန်းရည် ၁၂၇ ဒသမ ၁၅၃ လီတာ၊ ဆေးခြောက် ၁၃ ဒသမ ၁၁၄၈ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ ဒသမ ၁၈၉၁ ကီလိုဂရမ်၊ စိတ်ပြောင်းဆေးပြား ၅၄၆ ဒသမ ၉၈၈၅ ကီလိုဂရမ်၊ အက်ဖီဒရင်း ၁၁၄ ဒသမ ၉၉၁ ကီလိုဂရမ်၊ ဆူဒိုအက်ဖီဒရင်း ၈၃ ဒသမ ၉၂ ကီလိုဂရမ်၊ ဓာတုဆေးမှုန့် ၁၀ ဒသမ ၄၆၈ ကီလိုဂရမ်၊ ဗိုလန်ဆေးပြား ၁၁ ဒသမ ၆၁၇၅ ကီလိုဂရမ်၊ အဖက်တမင်းထိုးဆေးပုလင်း ၁၁၈၀ ရှိပြီး စုစုပေါင်းကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ်သန်းပေါင်း ၈၆၀၄ သန်း ဖြစ်သည်။

ဖမ်းဆီးနိုင်ခဲ့

ကချင်ပြည်နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း ဘိန်းခင်း ၁၃၁၁ ဒသမ ၁၅ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၁၀ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၇၆၀ နှင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၁ ခုနှစ် မေ ၃၁ ရက်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၇၁ မှုကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ ရှမ်းပြည်နယ်၌ မီးရှို့ဖျက်ဆီး

နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၈ နာရီခွဲတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ ပြည်နယ်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ဆုရရှိသူ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖတ်ကြား

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သော သဝဏ်လွှာကို ရှမ်းပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးရဲသူရဝင်းနိုင်က ဖတ်ကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မူးယစ်ဗဟိုမှကျင်းပသော ကဗျာ၊ ဓာတ်ပုံ၊ ကာတွန်း၊ ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ရှမ်းပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့က ကြီးမှူးကျင်းပသော ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရှမ်းပြည်နယ် နာယက၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်စီမံ/ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်လယ်ယာနှင့် သစ်တောဝန်ကြီးဌာနဝန်ကြီး၊ ပြည်နယ်လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဖွင့်လှစ်ပေး

ဆက်လက်၍ မူးယစ်ဆေးဝါး ပပျောက်ရေးလှုပ်ရှားမှု ပြခန်းဖွင့်ပွဲအခမ်းအနားကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရှမ်းပြည်နယ် နာယက ဦးအောင်ကိုဝင်းနှင့် ရဲမှူးကြီး ရဲသူရဝင်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က မူးယစ်ဆေးဝါး ပပျောက်ရေးလှုပ်ရှားမှု ပြခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကျင်းပ

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးနှင့် ဓာတုဆေးရည်များ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ အဝေယာကုန်းသာယာ၌ ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ စစ်ဘက်ဆိုင်ရာအရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဓာတုပစ္စည်းနှင့် ဆေးရည်များကို မြေကျင်းအတွင်း သွန်ချဖျက်ဆီးခြင်းများ ဆောင်ရွက်ကြသည်။ ထို့နောက် ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ် ဥပဒေချုပ်နှင့် တာဝန်ရှိသူတို့က စက်ခလုတ်များနှိပ်၍ မီးရှို့ဖျက်ဆီးကြသည်။

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာငွေကျပ်သန်းပေါင်း ၁၅၆၈၄ သန်းရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးရှို့ဖျက်ဆီး

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို စက်ခလုတ်များနှိပ်၍ မီးရှို့ဖျက်ဆီးကြစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကွန်ပျူတာတက္ကသိုလ် (တောင်ကြီး)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဝတ်အသင်းဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယ စွန်းလွန်းဂူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ ထံမှ ဒုတိယသမ္မတ အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ဆရာတော်ထံ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများသည် ဆရာတော်များထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စွန်းလွန်းဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးကုသမှုခံယူ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လျက်ရှိကြသော လူနာများနှင့် ကလေးငယ်များကို အားပေးစကား ပြောကြားကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ဆေးရုံအစည်းအဝေးခန်းမ၌ ဆရာဝန်၊ ဆရာမများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သိင်္ဂီညွန့်က အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး၏ သမိုင်းကြောင်း၊ သားဖွားခြင်းလုပ်ငန်း၊ အမျိုးသမီးရောဂါများနှင့် ကလေးရောဂါများကို ကုသပေးမှုအခြေအနေ၊ ဌာနများဖွဲ့စည်းထားမှုနှင့် ဝန်ထမ်းအင်အား၊ လူနာများအား လက်ခံကုသမှု၊ ဆေးဝါးအခမဲ့ထောက်ပံ့ပေးမှုနှင့် ဆေးရုံကြီး၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးကို လာရောက်ကြည့်ရှုရခြင်းမှာ ဆေးရုံ၏အခြေအနေနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်ကို သိရှိပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဖြစ်ကြောင်း၊ ဆေးရုံ၏ အဆောင်ဟောင်းများမှာ နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်သော်လည်း ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများ၏ ဝိုင်းဝန်းထိန်းသိမ်းမှုကြောင့် ကောင်းမွန်နေဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံး၌ ဆေးရုံပေါင်း ၉၂၉ ရုံ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဆေးရုံများ၏ လိုအပ်ချက်ကို နိုင်ငံတော်အပိုင်းက ပံ့ပိုးဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း၊ ဆရာဝန်၊ ဆရာမနှင့် သူနာပြုများအနေဖြင့် လူနာများအား နွေးထွေးစွာ ကြိုဆို၍ ဂရုပြုဆက်ဆံကြရန်လိုကြောင်း၊ ငွေကြေးရရှိမှု ကုသပေးခြင်းမျိုးကို သတိထားရှောင်ရှားကြရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးလောကကို နာမည်ပျက်စေနိုင်သည့် အပြုအမူ၊ လုပ်ရပ်များကို ရှောင်ရှားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ဆေးဝါးများပေးအပ်

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သော ဆေးဝါးပစ္စည်းများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက်၊ နောင်တုံဆောက်လုပ်ရေးကုမ္ပဏီ၊ အောင်ချမ်းသာဆောက်လုပ်ရေးကုမ္ပဏီနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စုပေါင်း၍ တောင်ကြီးမြို့အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီးနှင့် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးတို့အတွက် အလှူငွေကျပ်သိန်း ၁၀၀ စီကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တောင်ကြီးတက္ကသိုလ်သို့ ရောက်ရှိပြီး သုတေသနပြခန်း၌ ခင်းကျင်းပြသထားသော အင်းလေးကန်နှင့် မိုင် ၂၀ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သက်ဆိုင်သော စာအုပ်များကို လည်းကောင်း၊ မဟာသုတေသနဘွဲ့ကျမ်းများ၊ ပါရဂူဘွဲ့ကျမ်းများ၊ မဟာဆေးသုတေသနဘွဲ့ကျမ်းများနှင့် သုတေသနစာတမ်းများကို လည်းကောင်း ကြည့်ရှုလေ့လာသည်။

ယင်းနောက် ဒုတိယသမ္မတသည် တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံသည်။

ရှေးဦးစွာ တောင်ကြီးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဒေါ်မူမူမြင့်က တက္ကသိုလ်၏ သမိုင်းကြောင်း၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ မြို့နယ်အလိုက် ကျောင်းသားဦးရေ၊ ဝန်ထမ်းအင်အားနှင့် ပါရဂူဘွဲ့ရစာရင်း၊ ပြင်ဆင်တည်ဆောက်ရန်လိုအပ်လျက်ရှိသော စာကြည့်တိုက်နှင့်ဆေးရုံတို့၏ အခြေအနေကို ရှင်းလင်းတင်ပြသည်။

လေ့ကျင့်သင်ကြား

ထို့နောက် ဒုတိယသမ္မတက တောင်ကြီးတက္ကသိုလ်၏ သင်ကြားစီမံကိန်းစရပ်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များရှိပါက ဖြည့်ဆည်းပေးနိုင်ရန် အတွက် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား နောင်တစ်ခေတ်၌ ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် သင်ကြားပေးကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်၌ ပညာရေးဌာန အဆင့်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း၊ ယခုအခါ အရေအတွက်မှ အရည်အချင်းဖြစ်လာအောင် မြှင့်တင်ပေးရမည့် အနေအထားဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အဆင့်အတန်းမြင့်မားလာရေးအတွက် လိုအပ်သလိုပြောင်းလဲပြင်ဆင်သွားရန် အစီအစဉ်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ ပညာရေးတွင် ထူးချွန်သည့်သူများ ဖြစ်ရုံသာမက အားကစားထူးချွန်သူများ၊ ပြည်သူ့နီတိကို ခေတ်နှင့်အညီ လိုက်နာကျင့်သုံးနိုင်သူများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဘဝ တိုးတက်လာသည်နှင့်အမျှ ပညာရေးဝန်ထမ်းများ၏ လူမှုစီးပွားရေးဘဝ မြှင့်တင်ပေးသွားမှာ ဖြစ်ကြောင်းဖြင့် မှာကြားသွားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တောင်ကြီးတက္ကသိုလ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ကွန်ပျူတာ တက္ကသိုလ်(တောင်ကြီး)သို့ရောက်ရှိပြီး ကွန်ပျူတာခန်း၊ အင်တာနက်ခန်း၊ Hardware Lab နှင့် Language Lab တို့၌ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့သင်ခန်းစာများ သင်ယူဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးရာ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာဒေါ်နန်းဆီခမ်းက လိုက်လံရှင်းလင်းတင်ပြသည်။

တွေ့ဆုံ

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ် လွှတ်တော်ခန်းမ၌ ရှမ်းပြည်နယ်အတွင်းမှ တိုင်းရင်းသားများအား တွေ့ဆုံသည်။

ပြဋ္ဌာန်းသတ်မှတ်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်လျက်ရှိသော နိုင်ငံဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်ခဲ့ကြကြောင်း၊ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့တွင် လုပ်ပိုင်ခွင့်များရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကိုလည်း လုပ်ပိုင်ခွင့်များ ပေးအပ်ထားပြီးဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်နှင့်အတူ တာဝန်ယူမှုများလည်း ရှိလာမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ နိုင်ငံသားတစ်ဦးချင်း၏ ရပိုင်ခွင့်နှင့် တိုင်းရင်းသားများ၏ ရပိုင်ခွင့်ကို ပြဋ္ဌာန်းသတ်မှတ်ပေးထားပြီး ဖြစ်ကြောင်း၊ သို့ဖြစ်ရာ သတ်မှတ်ထားသည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတစ်ဦးဖြစ်လာလျှင် နိုင်ငံ၏ ဥပဒေဘောင်အတွင်း နေထိုင်ရမည်ဖြစ်သကဲ့သို့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လိုက်နာရန် လိုအပ်ကြောင်း၊ တိုင်းရင်းသားများ၏ လိုအပ်ချက်များကို သိရှိပြီး နိုင်ငံတော်အပိုင်းက တတ်နိုင်သလောက် ပံ့ပိုးကူညီနိုင်ရေးအတွက် တွေ့ဆုံရခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းရင်းသားများက ၎င်းတို့၏ ဆောင်ရွက်ချက်နှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး တိုင်းရင်းသားများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တိုင်းရင်းသားများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး တက်ရောက်လာကြသော တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတသည် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြထက်နှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယသမ္မတသည် တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာ့ဗိမာန်ကျောင်းဆောင်သစ်ရှိ အိမ်တွင်းမှုခန်း၊ စက်မှုလက်မှုခန်းနှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း၊ ကျောင်းအားကစားကွင်းအတွင်း၌ ကျောင်းသားများ ဘောလုံးယှဉ်ပြိုင်ကစားနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်စဝ်ကြည်ဝင်းနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ နည်းပညာတက္ကသိုလ်(တောင်ကြီး)သို့ ရောက်ရှိပြီး ဘက်စုံခန်းမ၌ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

❖ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့်လူမှုရေးကော်မရှင်(အက်စကက်)နှင့် မြန်မာနိုင်ငံတို့ ပူးပေါင်းကျင်းပသည့် "အမျိုးသား ဆန်စပါးမူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်း စားနပ်ရိက္ခာ လုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ"နှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယအကြိမ် ဆွေးနွေးပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

တတိယအကြိမ်

မြန်မာနိုင်ငံနှင့် အက်စကက်တို့ ပူးပေါင်း၍ ဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲများကိုကျင်းပခဲ့ရာ ယခုဆွေးနွေးပွဲသည် တတိယအကြိမ်ဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် အက်စကက်တို့ပူးပေါင်း၍ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပထမအကြိမ်ဆွေးနွေးပွဲကို ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့ပြီး ယင်းဆွေးနွေးပွဲသည် "အာရှနှင့် ပစိဖိတ်ဒေသတွင်း ရေရှည်တည်တံ့သော စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ လုံခြုံစိတ်ချရမှုရှိရေး"နှင့် စပ်လျဉ်း၍ အက်စကက်၏ ဒေသဆိုင်ရာ လေ့လာမှုစာအုပ်အပေါ် ရှင်းလင်းပြောကြားခြင်းဖြစ်ကြောင်း။

၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံနှင့် အက်စကက်တို့ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယအကြိမ် ဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း၊ အဆိုပါ ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် စီးပွားရေးဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ အာရှနှင့် ပစိဖိတ်ဒေသနှင့် အခြားဒေသမှရရှိသော သင်ခန်းစာများအပေါ် ပြည်တွင်းနှင့် ပြည်ပ ပညာရှင်များက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း။

ယခုကဲ့သို့ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပနိုင်ရေးအတွက် အက်စကက်၏ ကူညီပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း။

ရည်ရွယ်ကျင်းပ

ယနေ့ကျင်းပသည့် တတိယအကြိမ်ဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် အမျိုးသား ဆန်စပါးမူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်း စားနပ်ရိက္ခာလုံခြုံ စိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ခေါင်းစဉ်အပေါ် ပြည်တွင်းပညာရှင်များ၏ အတွေ့အကြုံများနှင့် နိုင်ငံတကာပညာရှင်များ၏ အတွေ့အကြုံများ အမြင်ချင်းဖလှယ်ဆွေးနွေးကြရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တစ်ချိန်က ကမ္ဘာတွင် ဆန်အများဆုံးတင်ပို့နိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၁၉၆၂ ခုနှစ်နောက်ပိုင်း ဆိုရှယ်လစ်စီးပွားရေး စီမံကိန်းစနစ်ကြောင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရကြောင်း၊ ၂၀၀၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆန်စပါးမူဝါဒပြောင်းလဲပေးခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိက လွတ်လပ်စွာ ဝယ်ယူကြိတ်ခွဲရောင်းချခွင့်ပြုခဲ့ကြောင်း၊ အစိုးရ ဆန်စက်များကိုလည်း ပုဂ္ဂလိကပိုင် ပြုလုပ်ခဲ့ကြောင်း၊ ထို့ကြောင့် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ ပိုမိုလာခဲ့ပြီး ကြိတ်ခွဲထုတ်လုပ်မှုလည်း အထိုက်အလျောက် တိုးတက်ခဲ့ကြောင်း၊ သို့သော် ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုနှင့် နာဂစ်မုန်တိုင်းကြောင့် မြန်မာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အထိုက်အလျောက် ထိခိုက်ခဲ့ရကြောင်း၊ ဆန်စပါးအရည်အသွေးနှင့် ထုတ်လုပ်နိုင်မှုတို့ကလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း ကြိုးပမ်းရမည့် စိန်ခေါ်မှုများအဖြစ် ရှိနေဆဲဖြစ်ကြောင်း၊ ထို့ကြောင့် မျိုးကောင်းမျိုးသန့်ပြောင်းလဲရေး၊ ထုတ်လုပ်မှုတိုးတက်ရေးတို့ ကြိုးပမ်းဆဲဖြစ်ပြီး တောင်သူလယ်သမားတို့၏ လူမှုစီးပွားရေး တိုးတက်အောင် ကြိုးပမ်းလျက်ရှိကြောင်း။

အမြင်ချင်းဖလှယ်

ယခုဆွေးနွေးပွဲတွင် ကျေးလက်ဒေသရှိ လယ်သမားများနှင့် ဆင်းရဲနွမ်းပါးသူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု တိုးတက်မြင့်မားရေး၊ အာရှနှင့် ပစိဖိတ်ဒေသနှင့် အခြားဒေသများမှ လေ့လာတွေ့ရှိရသော သင်ခန်းစာများနှင့် လယ်ယာကဏ္ဍတွင် ကျွမ်းကျင်မှု ပူးပေါင်းဆောင်ရွက်ရေး ရှေ့လုပ်ငန်းအစီအစဉ်တို့နှင့်စပ်လျဉ်းပြီး အမြင်ချင်းဖလှယ်ဆွေးနွေးကြရန် ဖြစ်ကြောင်း။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ပြီး လယ်ယာ၊ သားငါး ကုန်ထုတ်လုပ်မှု လုပ်ငန်းများတွင် အများဆုံး ဆောင်ရွက်နေကြသည့် တိုင်းပြည်၏ အဓိကကုန်ထုတ်လုပ်မှု စွမ်းအားစုကြီးဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်ဒေသ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်မှု၊ စီးပွားရေးတိုးတက်မှုတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကြီးမားသည့်အခန်းကဏ္ဍမှ ပါဝင်နေသကဲ့သို့ ကျေးလက်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာလျှင် ဆင်းရဲနွမ်းပါးမှုလည်း လျော့ကျလာမည်ဖြစ်ကြောင်း။

ကမ္ဘာ့စီးပွားရေးအခြေအနေကို လေ့လာကြည့်လျှင် ကမ္ဘာ့ငွေကြေးအကျပ်အတည်း၊ ရာသီဥတု ပြောင်းလဲလာမှုနှင့် စားနပ်ရိက္ခာ ဖူလုံစိတ်ချရရေး ပိုမိုလိုအပ်လာမှု၊ စွမ်းအင်လိုအပ်လာမှုတို့ကို ကမ္ဘာ့နိုင်ငံများနှင့် ပြည်သူများအတွက် စိန်ခေါ်မှုများအဖြစ် ရင်ဆိုင်တွေ့ကြုံလာနေရပြီဖြစ်ကြောင်း၊ ယခုအခြေအနေတွင် စိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံအတွက် ကျေးလက်များ၏ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ ပြောင်းလဲလာသော ရာသီဥတုကို ရင်ဆိုင်ကျော်လွှားပြီး စားနပ်ရိက္ခာဖူလုံမှု၊ ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကိစ္စများမှာ ရှေ့တန်းတင်၍ အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

အခြေခံကောင်းများ

နိုင်ငံတော်၏ လယ်ယာ၊ သားငါးကဏ္ဍ အားသာချက်၊ အားနည်းချက်နှင့် စိန်ခေါ်မှုများကိုလည်း မျက်ခြည်မပြတ် ကြည့်ရှုပြီး တိုးတက်သည်ထက် တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ အားသာချက်များအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် ဆည်၊ တာတမံ၊ လမ်းတံတား၊ အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့သည့်အပြင် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးခဲ့ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ဆောင်ရွက်ပေးခဲ့ခြင်းသည်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့ကျစေသည့် အခြေခံကောင်းများအဖြစ် မြင်တွေ့ရမည်ဖြစ်ကြောင်း။

ယခုလို ဆောင်ရွက်ပေးခဲ့သည့်အတွက် တောင်သူလယ်သမားများ အနေဖြင့် ဆန်စပါးသာမက ပဲမျိုးစုံ၊ နှမ်း စသည့် ဝင်ငွေရသီးနှံများကို ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်ပြီး ဝင်ငွေပိုမိုရရှိလာကာ ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် သက်ဆိုင်ရာဌာနတို့ ပူးပေါင်းကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် (Millennium Development Goals-MDGs) ဆိုင်ရာ အချက်အလက်များနှင့် ဆင်းရဲနွမ်းပါးမှုအခြေအနေ လေ့လာချက်၊ တင်ပြချက်များအရ ဆင်းရဲနွမ်းပါးမှု ညွှန်းကိန်းများသည် လျော့ကျလာသည်ကို တွေ့ရှိရကြောင်း။

ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကက်) အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သို့ရာတွင် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝကို ကြည့်လျှင် ကုန်ထုတ်လုပ်မှုစရိတ်များမြင့်မားခြင်း၊ ထုတ်လုပ်နိုင်မှုပမာဏနှင့် အရည်အသွေးကြောင့် ဈေးရသင့်သလောက်မရသည့်အတွက် ဝင်ငွေအကျိုးအမြတ် လျော့နည်းနေခြင်း၊ လူဦးရေတိုးတက်နှုန်းနှင့်အတူ စားဝတ်နေရေး စရိတ် မြင့်မားလာခြင်းတို့ကလည်း ကျေးလက်နေပြည်သူများအတွက် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးတွင် အဟန့်အတား နှောင့်နှေးမှုများအဖြစ် ရှိနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း။

အမျိုးသားအဆင့်

ထို့ကြောင့် မိမိတို့ အစိုးရသစ်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး တာဝန်ကြီးကို မည်သို့ ကြိုးပမ်းဆောင်ရွက်သင့်သလဲ၊ မည်သည့်လုပ်ငန်းစဉ်များ ဖော်ထုတ်ချမှတ်ဆောင်ရွက်သင့်သလဲဆိုသည်များကို စီးပွားရေးပညာရှင်များ၊ အသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများက ဝိုင်းဝန်းဆွေးနွေး ဖော်ထုတ်ကြရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို နေပြည်တော်၌ ၂၀၁၁ ခုနှစ် မေလအတွင်းက သုံးရက်ကြာ ကျင်းပခဲ့ကြောင်း။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ခေါင်းစဉ် (၅)ရပ် ဖြစ်သည့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးရေး၊ သားငါးကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းများနှင့် ကျေးလက်အိမ်တွင်းစက်မှုလုပ်ငန်းများ၊ ဝင်ငွေရ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ သမဝါယမ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြင့် ကျင်းပခဲ့ကြောင်း။

ယင်းဆွေးနွေးပွဲသို့ နိုင်ငံသားစီးပွားရေးပညာရှင်များ၊ သံအမတ်ကြီးအငြိမ်းစားများ၊ စီးပွားရေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ပကတိအခြေအနေနှင့် ထင်ဟပ်ကာ ပွင့်ပွင့်လင်းလင်း လွတ်လွတ်လပ်လပ် ဆွေးနွေးခဲ့ကြသည့်အတွက် ကျယ်ပြန့်သော ဆွေးနွေးပွဲတစ်ခုဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ဖွဲ့စည်းဆောင်ရွက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ ဆွေးနွေးချက်များကိုစုစည်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် မိမိတို့လုပ်သင့်သော လုပ်ငန်းများ၊ မိမိတို့လုပ်ရမည့် လုပ်ငန်းများနှင့် လုပ်နိုင်သော လုပ်ငန်းများကို Action Plan ရေးဆွဲပြီး ပြည်ထောင်စုအဆင့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ အသီးသီးကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုလိုဆောင်ရွက်ရာတွင် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော မူဝါဒလုပ်ထုံး လုပ်နည်းများ၊ နည်းပညာနှင့် အရင်းအနှီးများကို ခေတ်နှင့်အညီ အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့်ဆွေးနွေးပွဲသည် သင့်တော်သည့်အချိန်ကောင်းဖြစ်သည်ကိုတွေ့ရှိရပြီး ဆွေးနွေးပွဲမှ ရရှိမည့် ရလဒ်များသည် မြန်မာနိုင်ငံ၏ အဓိကကျသော လယ်ယာကဏ္ဍမှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးလာပြီး တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်သည့်အပြင် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှု၊ ဒေသတွင်း စားနပ်ရိက္ခာလုံခြုံစိတ်ချမှုအတွက် များစွာအထောက်အကူပြုမည်ဟု မိမိယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်) အမှုဆောင်အတွင်းရေးမှူး ဒေါက်တာ နိုလင်းဟေဇာက ယခုတတိယအကြိမ် ဆွေးနွေးပွဲ၏ မူရင်းဇာစ်မြစ်မှာ ၁၅-၁၂-၂၀၀၉ ရက်က နေပြည်တော်၌ ကျင်းပခဲ့သော ESCAP နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ကြီးမှူးကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲဖြစ်ကြောင်း၊ ထိုဒုတိယဆွေးနွေးပွဲတွင် နိုဘယ်ဆုရ Professor Joseph Stiglitz က မြန်မာနိုင်ငံ၏ ကျေးလက်စီးပွားရေးကဏ္ဍကို ပြန်လည်ဖော်ထုတ်နိုင်ရန်အတွက် လမ်းပြမြေပုံ တင်ပြခဲ့ကြောင်း၊ ဤဆွေးနွေးပွဲမှ အကြံပြုချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် ဆက်လက်ဆွေးနွေး အကောင်အထည်ဖော်ရန် သုံးသပ်နေသည်ကို ကြားသိရ၍ ဝမ်းမြောက်ပါကြောင်း။

ယခုဆွေးနွေးပွဲသည် မကြာခင်က ကျင်းပခဲ့သော နိုင်ငံတော်အဆင့် ကျေးလက်ဖွံ့ဖြိုးမှုနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်လျက်ရှိပြီး ယင်းဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတက ယခုအချိန်တွင် လယ်ယာစိုက်ပျိုးထုတ်လုပ်မှုစရိတ်များ မြင့်မားနေဆဲဖြစ်ပြီး ထွက်ကုန်ရရှိမှုမှာ နိမ့်ကျနေသေးသည့်အပြင် လူဦးရေမှာလည်း တိုးပွားလာလျက် စားဝတ်နေရေးစရိတ် တိုးတက်နေကြောင်းဖြင့် မှတ်ချက်ချခဲ့ကြောင်း။

ယခုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍ၏ လက်ရှိတွေ့ကြုံနေရသော စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို ခြေခြေမြစ်မြစ် နားလည်သဘောပေါက်လာနိုင်ကြောင်း၊ ပို၍ချောမွေ့ကောင်းမွန်သည့် ကျေးလက်စီးပွားရေး ဖွံ့ဖြိုးမှုရရှိနိုင်ရန် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း။

ယနေ့မိမိတို့သည် ယုံကြည်စိတ်ချရသော စာရင်းဇယားများနှင့် ဒေသအတွေ့အကြုံများပေါ်တွင် ဆန်းစစ်စိစစ်ပြီး အချေအတင်ပြောဆို ဆွေးနွေးကြမည်ဖြစ်ကြောင်း။

ယခုဆွေးနွေးပွဲမှနေ၍ မြန်မာနိုင်ငံအား ဒေသတွင်းစပါးကျီကြီးအဖြစ်လည်းကောင်း၊ စားနပ်ရိက္ခာထုတ်လုပ်သော အဓိက နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိစေနိုင်သော အခြေအနေဖြစ်လာစေရန်အတွက် ဦးတည်လျက် ဆွေးနွေးကြမည်ဖြစ်ကြောင်း။

ထိုသို့ ဆွေးနွေးကြရာတွင် ကျယ်ပြန့်စွာပါဝင်နိုင်မည့်နည်းလမ်းများဖြင့် ရေရှည်ခိုင်မာသည့် ကျေးလက်စီးပွားရေး ဖော်ဆောင်နိုင်ရန် ကြိုးပမ်းအားထုတ်သွားကြရမည်ဖြစ်ကြောင်း။

ဒေသအတွင်း နိုင်ငံများစွာသည် ချမ်းသာကြွယ်ဝရန်အတွက် နိုင်ငံတွင်းရှိ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍနှင့် မြို့ပြကဏ္ဍများတွင် ပါဝင်၍ ရင်းနှီးမြှုပ်နှံကြောင်း၊ အထူးသဖြင့် ပြည်သူ့အကျိုးစီးပွားအတွက် ရင်းနှီးမြှုပ်နှံကြကြောင်း၊ ယင်းနိုင်ငံတို့တွင် စားနပ်ရိက္ခာပေါ်လစီရှိပြီး ကျေးလက်နှင့်မြို့ပြနေ ဆင်းရဲသားများ၊ ကျေးလက်ရှိ တောင်သူလယ်သမားများနှင့် ကျပန်းအလုပ်သမားများ၏ သက်သာချောင်ချိရေးကို မြှင့်တင်ပေးလျက်ရှိကြကြောင်း။

သို့ရာတွင် သဘာဝဘေးအန္တရာယ်များနှင့် ကြိုတင်၍မသိနိုင်သည့် ပြင်ပမှ ရိုက်ခတ်မှုများသည် ဖွံ့ဖြိုးတိုးတက်မှုများကို ရပ်တန့်စေနိုင်ပါကြောင်း၊ ဤသို့သောဒဏ်များကို ခံနိုင်ရန်အရေးကြီးပါကြောင်း၊ ဥပမာအားဖြင့် ယခင်နှစ်က ဖြစ်ပေါ်ခဲ့သော စားနပ်ရိက္ခာလောင်စာဆီဈေးနှုန်းများ မတည်ငြိမ်မှုတို့ကြောင့် ESCAP ၏ ၂၀၁၁ ခုနှစ် စီးပွားရေး စစ်တမ်းတွင် ဒေသအတွင်း၌ ၄၂ သန်းသော လူသားများ ဆင်းရဲတေ်မွတ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အထူးသဖြင့် အာရှတွင် မိသားစုအတွင်း စားနပ်ရိက္ခာလုံခြုံမှုနှင့် စပါးဈေးကွက်တို့မှာ နီးကပ်စွာ ဆက်စပ်လျက်ရှိပါကြောင်း၊ ကမ္ဘာပေါ်၌ အာဟာရချို့တဲ့သည့် သန်းတစ်ထောင်သော လူဦးရေ၏ ၆၀ ရာခိုင်နှုန်း နေထိုင်ရာ အာရှတိုက်တွင် ဆန်သည် အဓိကပင်တိုင်အစာဖြစ်၍ ကမ္ဘာပေါ်တွင် လူအများစုအတွက် ကယ်လိုရီအများဆုံး ဖြည့်ဆည်းပေးသော အာဟာရဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးသည် ဤဆန်ထုတ်လုပ်သူ တောင်သူလယ်သမားများနှင့် ဆက်စပ်လျက်ရှိပါကြောင်း။

ဆန်တောင်သူများ စီးပွားရေးအထိုက်အလျောက် ကောင်းမွန်လာစေရန်၊ ဆင်းရဲမှုလျှော့ချရန်နှင့် ကျေးလက်၏ ပြန်လည်ရှင်သန်နိုင်မှု စွမ်းရည်တိုးတက်လာစေရန်အတွက် အချက်(၇)ချက်ကို တင်ပြမည်ဖြစ်ကြောင်း။

ယင်းတို့မှာ စားနပ်ရိက္ခာရရှိနိုင်မည့် အခွင့်အလမ်းတိုးပွားရေး၊ ချေးငွေရရှိရေး၊ လယ်သမားများအနေဖြင့် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ရေး၊ ရေရှည်တည်ငြိမ်မှုရှိသည့် ဆန်တန်ဖိုးမူဝါဒများသတ်မှတ်ရေး၊ လယ်ယာစိုက်ပျိုးရေး နည်းပညာ၊ နည်းစနစ်များ တိုးမြှင့်ပေးရေး၊ အခြေခံအဆောက်အအုံနှင့်အခွင့်အလမ်းစသည်တို့ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ဆက်လက်၍ ဒုတိယသမ္မတသည် နည်းပညာတက္ကသိုလ်(တောင်ကြီး)၏ သင်ကြားစီမံကိန်းစာရင်းများနှင့်စပ်လျဉ်း၍ မေးမြန်းရာ ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်စန်းစန်းရီက ရှင်းလင်းတင်ပြသည်။

ကြည့်ရှု

ထို့နောက် ဒုတိယသမ္မတသည် ကွန်ပျူတာခန်း၊ Language Lab နှင့် e-Library တို့၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကိုလည်းကောင်း၊ Project Show Room အတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်အလိုက် လက်တွေ့ပြုလုပ်ထားသည့် (Project Activities) လက်ရာပစ္စည်းများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဟဲဟိုးမြို့သို့ ရောက်ရှိကြပြီး ဟဲဟိုးလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၇

အိန္ဒိယနိုင်ငံ Apollo ဆေးရုံအုပ်စုမှ အထူးကုဆရာဝန်ကြီးများက ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ ကျန်းမာရေးဟောပြောပွဲနှင့် ဆေးပညာဆွေးနွေးပွဲများ ကျင်းပပြီး အသည်း၊ ကျောက်ကပ်၊ နှလုံး လူနာများ အခမဲ့စမ်းသပ်ကြည့်ရှု ဆွေးနွေးရန် စီစဉ်ထားရာ ယင်းအစီအစဉ်တွင် အိန္ဒိယနိုင်ငံ Apollo ဆေးရုံအုပ်စုမှ အသည်းအစားထိုးကု ဆရာဝန်ကြီး Dr. Subash Gupta၊ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး Dr. Sanjiv Jasuja၊ ကျောက်ကပ် အစားထိုးကုဆရာဝန်ကြီး Dr. Vijaya Rajkumari၊ နှလုံးအထူးကုဆရာဝန်ကြီး Dr.Rajnish Sardana တို့က ဇူလိုင် ၁ ရက် ညနေ ၃ နာရီမှ ၄ နာရီခွဲအထိ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် ကျန်းမာရေး ဟောပြောပွဲ၊ ညနေ ၅ နာရီမှ ည ၆ နာရီအထိ အသည်း၊ ကျောက်ကပ်၊ နှလုံး လူနာများအား အခမဲ့စမ်းသပ် ကြည့်ရှုခြင်း၊ ဇူလိုင် ၂ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိနှင့် မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီခွဲအထိ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်တွင် ဆေးပညာဟောပြောပွဲ၊ ဇူလိုင် ၃ ရက် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ ရန်ကုန်မြို့ ထရိတ်ဒါးဟိုတယ်တွင် ဆေးပညာဟောပြောပွဲနှင့် ညနေ ၃ နာရီမှ ၄ နာရီအထိ အသည်း၊ ကျောက်ကပ်၊ နှလုံး လူနာများအား အခမဲ့စမ်းသပ် ကြည့်ရှုခြင်းများကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် KC ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဖုန်း- ၀၉-၇၃၀၇၆၄၀၄ (ရန်ကုန်)နှင့် ဖုန်း- ၀၉-၉၁၀၂၇၉၁၅ (မန္တလေး) တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**



ရခိုင်ပြည်နယ် မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှတ် ၅ ရပ်ကွက်၌ ဂါလန် (၂၀၀၀၀)ဆံ့ ရေစုကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၁၉ ရက်က အမှုဆောင်အရာရှိ ဦးအောင်သက်ရှည်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ထူးကဲဒီရေတက်မည်

ရန်ကုန် ဇွန် ၂၇

ဇူလိုင် ၂ ရက်မှ ၅ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၂ ပေခန့်မှ ၂၀ ဒသမ ၅ ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၈ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ် မရှိကြောင်း၊ အခြေခံ ရေစစ်မျဉ်းဖြစ်သောအမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားဆန်စပါးမူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်းစားနပ်ရိက္ခာ လုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယအကြိမ် ဆွေးနွေးပွဲကျင်းပစဉ်။ (သတင်းစဉ်)

အမျိုးသားဆန်စပါးမူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်း စားနပ်ရိက္ခာလုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေး

နေပြည်တော် ဇွန် ၂၇

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)တို့ ပူးပေါင်းကျင်းပသည့် အမျိုးသားဆန်စပါး မူဝါဒများ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်း စားနပ်ရိက္ခာ လုံခြုံစိတ်ချရေးအတွက် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ တတိယ အကြိမ် ဆွေးနွေးပွဲကို ဖွင့်ပွဲအခမ်းအနား အပြီး နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MCC) ၌ ကျင်းပ သည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အက်စကက် အမှုဆောင်အတွင်းရေးမှူး ဒေါက်တာ နိုလင်းဟေဇာနှင့် အက်စကက် အဖွဲ့ဝင် များ၊ မြန်မာနိုင်ငံရှိ အာဆီယံနိုင်ငံများ၊ ဘင်းမ်စတက်နိုင်ငံများနှင့် အလှူရှင် နိုင်ငံများမှ သံအမတ်ကြီးများ၊ အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာ ဖွံ့ဖြိုးရေး အေဂျင်စီများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ ဌာန ဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါး လုပ်ငန်းအသင်းတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆွေးနွေးပွဲကို ကျင်းပရာ ပြည်တွင်း ပြည်ပပညာရှင် ရှစ်ဦးတို့က စာတမ်း ရှစ်ခုကို ဖတ်ကြားဆွေးနွေးကြ သည်။ ဆွေးနွေးပွဲ ပထမပိုင်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲ ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူးချုပ် ဒေါ်ဝင်းမြင့်က ဆန်စပါးထုတ်လုပ် မှုသည် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)ကို အထောက်အကူပြုခြင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးစာတမ်းကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာ ရဲတင့်ထွန်းက မြန်မာနိုင်ငံ၏ လက်ရှိ ဆန်စပါးထုတ်လုပ်မှု အခြေအနေနှင့် အနာဂတ်အလားအလာ စာတမ်းကို လည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ် ရေး လက်ထောက်အထွေထွေမန်နေဂျာ ဦးနေဆန်းက မြန်မာနိုင်ငံ၏ လက်ရှိ ဆန်စပါးထုတ်လုပ်မှု လုပ်ငန်းစဉ်နှင့် ကုန်သွယ်မှု အခြေအနေစာတမ်းကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုး ရေးအဖွဲ့ (အိုင်ဒီအီးမြန်မာ)မှ ဒယ်ဘီ အောင်ဒင်တေလာက ဆန်စပါးထုတ်လုပ် မှုအပေါ် လေ့လာခြင်း စာတမ်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါး လုပ်ငန်းအသင်း အတွင်းရေးမှူး ဦးရဲမင်း အောင်က မြန်မာနိုင်ငံကို ဆန်အဓိက တင်ပို့သည့် နိုင်ငံအဖြစ် ဆက်လက်ရှိစေ ရေးအတွက် စိန်ခေါ်မှုများ၊ အားသာချက် များနှင့် အလားအလာများ စာတမ်းကို လည်းကောင်း ဖတ်ကြား ရှင်းလင်းကြ သည်။ ထို့နောက် ဆွေးနွေးပွဲတက်ရောက် လာကြသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

ဆွေးနွေး

ဆွေးနွေးပွဲ ဒုတိယပိုင်းကို မွန်းလွဲ ပိုင်းတွင် ဆက်လက်ကျင်းပရာ အက်စကက်/ အာရှနှင့် ပစိဖိတ်ဒေသ သီးနှံဖွံ့ဖြိုး တိုးတက်ခြင်းဖြင့် ဆင်းရဲမှု လျှော့နည်းရေး ဗဟိုဌာန(ကပ်ဆာ) ဌာနမှူး ကာတင်ကာဝိန်းဘာဂျာက မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ လူနေမှု ဘဝတိုးတက်မြင့်မားရေးအတွက် စီးပွား ရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု အစီအစဉ် စာတမ်းကို လည်းကောင်း၊ ဗီယက်နမ် နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက် ဖွံ့ဖြိုးရေးမူဝါဒနှင့် နည်းဗျူဟာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါင်ကင်ဆန်က ဗီယက်နမ်နိုင်ငံ၏ ဆန်စပါးစီးပွားရေးတွင် မူဝါဒနှင့်မျှော်မှန်း ချက်များစာတမ်းကို လည်းကောင်း၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အက်ဖ်အေ အိုရုံးမှ အရာရှိ ဒေါက်တာ ဆူမီတာ ဆင်းဘလိုကာက လက်ရှိ ဆန်စပါး ကုန်သွယ်မှုနှင့် အနာဂတ်လျာထားချက် များ စာတမ်းကိုလည်းကောင်း ဖတ်ကြား ရှင်းလင်းကြပြီး ပညာရှင်များက ရှေ့ လုပ်ငန်းအစီအစဉ်ကို ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် အက်စကက်အမှုဆောင်အတွင်းရေးမှူး ဒေါက်တာနိုလင်းဟေဇာတို့က နိဂုံးချုပ် အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲ ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **သာသနာ့ဂုဏ်ရည်** တရားတော် (ညောင်ကန်ဆရာတော် အရှင်ကုန္တက)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၄၈)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၆)
- ၈:၅၀ အကျဉ်းဦးစီးဌာန၏ စတုတ္ထအကြိမ်မြောက် ပဗ္ဗဇ္ဇအလှူ
- ၉:၀၅ အဖိုးတန်ဆေးဖက်ဝင် မြန်မာ့တိုင်းရင်းဆေးဉယျာဉ်
- ၉:၂၀ Activities in the City (လှိုင်သာယာပညာရေးမိသားစု စုပေါင်းရဟန်းခံမင်္ဂလာ)
- ၉:၃၀ Cartoon Show Time(Rango)
- ၁၀:၁၀ အောင်မြင်ရှင်သန်နေသော ရော်ဘာစိုက်ခင်းရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ
- ၁၀:၂၅ မြန်မာ့သြဘာ မိုးလေဝသ အသိပညာပေးဟောပြောပွဲ
- ၁၀:၄၀ Celebrity Style (သဲနုဝါ)
- ၁၀:၅၀ International Show Biz
- ၁၁:၁၅ Japan Video Topics (Paradise of Flower)
- ၁၁:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ရွှေအလင်းရောင်မျက်စိ ဖောင်ဒေးရှင်း၏ ကံစမ်းမဲ ပစ္စည်းပေးအပ်ပွဲ)
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ သင်ကြားရေးလမ်းညွှန် (Psb Academy- Singapore)
- ၁၂:၃၀ ဇီဝမျိုးစုံမျိုးကွဲပြတိုက် (လော်ကားဉယျာဉ်)
- ၁၂:၄၀ ပတ္တမြားမြေမှ ကြည်ညိုသပ္ပာယ် ဖွယ်ရာ တန်ခိုးကြီးစေတီများ
- ၁:၀၀ **သာသနာ့ဂုဏ်ရည်** တရားတော် (ညောင်ကန်ဆရာတော် အရှင်ကုန္တက)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရွှေစိတ်ဝင်စားသူတိုင်းအတွက် ရွှေပညာအခမဲ့သင်တန်း
- ၂:၄၀ Steel King Co., သစ် ဖွင့်ပွဲအခမ်းအနား
- ၃:၀၀ IBTC ၏ စေတနာကျောင်းများ (သင်္ကန်းကွင်းကျေးရွာနှင့် ဖျာပုံမြို့)
- ၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၄၈)
- ၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၆)
- ၅:၀၅ The Champion of Dance
- ၅:၄၀ အရိုးပွရောဂါ (ပါမောက္ခ ဒေါက်တာချစ်စိုး)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် [Fresh Up သွားတိုက်ဆေး (၁၀) နှစ်ပြည့် အထိမ်းအမှတ်ပွဲ]
- ၆:၄၀ MRYV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၄၉)
- ၇:၂၅ Celebrity Choice (မိုးဟေမာန်ခင်)
- ၇:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Bata Show Room ဖွင့်ပွဲ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ အနုပညာမိုးကောင်းကင်
- ၈:၅၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၇)
- ၁၀:၂၀ **စာအုပ်ပြခန်း** (မြေမှုန်လွင်ရဲ့ နှစ်ပိုင်းတစ်ပိုင်း)
- ၁၀:၄၀ ဂီတသံစဉ် အလှဆင် (နီနီဝင်းရွှေ)
- ၁၁:၀၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ ဒါရိုက်တာ-မောင်နန္ဒ၏တပည့် ဒါရိုက်တာ-ဇော်မြင့်ဦး၊ ဒါရိုက်တာ-အောင်ဩဘာ နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၁၁:၃၅ ရွှေနန်းဆန်ဆန်ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဌာန်
- ၁၂:၀၀ World of Knowledge (Ultimate Disaster: Earth-quake)
- ၁၂:၄၅ ပျော်ရွှင်ကျန်းမာသန့်စင်သောအစာ ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၂:၅၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (သူရိန်မောင်မောင်)
- ၁:၁၅ ဖန်သားရုပ်မြင် စာဆိုသဘင် (စာရေးဆရာမောင်ဆုရှင်) (ဂန္ထဝင်စာပေ)
- ၁:၄၅ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါမိတ်အလှ)
- ၂:၁၀ Orchard Families (အပိုင်း-၂)
- ၂:၃၅ ဖန်တီးသူတို့ကမ္ဘာ
- ၂:၅၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၃:၀၅ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
- ၄:၀၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့အလည်တစ်ခေါက်
- ၄:၄၅ မေတ္တာတရားနဲ့ အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

တွံတေးမြို့နယ် စည်ပင်သာယာဈေးကြီးအတွင်း ဈေးဆိုင်များတွင် ကြွပ်ကြွပ်အိတ်များထုတ်လုပ်ခြင်း၊ သိုလှောင်ရောင်းချခြင်း၊ သုံးစွဲခြင်းမပြု ရေးအတွက် ဇွန် ၁၅ ရက်က ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ရီရီလှိုင်နှင့်အဖွဲ့ ဝန်ထမ်းများ ကြီးကြပ်စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့တစ်မြို့လုံး မီးလင်းရေးအတွက် လျှပ်စစ်မီးချောင်းများ လဲလှယ် တပ်ဆင်ခြင်းကို ဇွန် ၁၅ ရက်က မြို့နယ်လျှပ်စစ် ဝန်ထမ်းများနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန် ကွင်းဆင်းကြီးကြပ်စဉ်။

(မြို့နယ်စည်ပင်)

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးလှသိန်းနှင့် ဈေးတာဝန်ခံ ဦးညီညီလွင်တို့ မေ ၃၁ ရက်က မြို့မစည်ပင်သာယာဈေးကြီး အတွင်း အလေးတင်းတောင်းမှန်ကန်ရေးအတွက် သမာဓိချိန်ခွင်ဖြင့်ချိန်တွယ်မှုကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီးမြို့နယ် ထီသိမ်ရေထွက်ကန် ရေသိုလှောင်ထားရှိမှုနှင့် ဖြန့်ဝေမှု တို့ကို မေ ၂၇ ရက်က မြို့နယ်စည်ပင်အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင် နီယာတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၁၈၉)

ညောင်ရွှေမြို့နယ် မြို့အဝင်ဆိုင်းဘုတ်အနီး မြေယာရှုခင်းအလှပြုပြင်ခြင်း နှင့် ပန်းအလှပင်များကြား ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းအား ဇွန် ၁၁ ရက်က စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့ ကွင်းဆင်းကြီးကြပ် ကြစဉ်။ (မြို့နယ်စည်ပင်)

စာရေးနည်းလမ်းညွှန်သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာ အလှူလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် စာရေးနည်းလမ်းညွှန်သင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ဇွန် ၂၆ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးတင်လှိုင် (လယ်တွင်းသား စောချစ်)က အမှာစကားပြောကြားသည်။ (ယာပုံ)

ပေးအပ်

ထို့နောက် စာရေးနည်းလမ်းညွှန်သင်တန်းဆင်း လက်မှတ်များကို ဒုတိယဥက္ကဋ္ဌ(၃) ဦးကိုကိုလှိုင် (ကိုကိုလှိုင်)က သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့အား ပေးအပ်သည်။

ယင်းနောက် ကဗျာပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ကဗျာသင်ကြားရေးအဖွဲ့ ခေါင်းဆောင် ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)က လည်းကောင်း၊ ဆောင်းပါးပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆောင်းပါးသင်ကြားရေးအဖွဲ့ ခေါင်းဆောင် ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)က လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲ၌ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဝတ္ထုတိုသင်ကြားရေးအဖွဲ့ ခေါင်းဆောင် ဒေါ်ချိုချိုတင်(မစန္ဒာ)ကလည်းကောင်း ဆုများကို ချီးမြှင့်ကြပြီး ဘက်စုံထူးချွန်ဆုရ ဦးစံလင်းအား ဥက္ကဋ္ဌဦးတင်လှိုင် (လယ်တွင်းသား-စောချစ်)က ဆုချီးမြှင့်သည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ၆၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

ငွေစုငွေချေးသမဝါယမအသင်း ဂန့်ဂေါ၌စည်းဝေး

ဂန့်ဂေါ ဇွန် ၂၇

ဂန့်ဂေါမြို့နယ် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၁၉ ရက်က ဂန့်ဂေါမြို့ အမှတ်(၂) မူလတန်းကျောင်း၌ကျင်းပရာ သဘာပတိ အသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌဦးခင်မောင်မြင့်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးရာခန့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အသင်းဝင်များ၏သားသမီးများအနက် ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား အသင်းလီမိတက်ဥက္ကဋ္ဌက ပညာရည်ချွန်ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

ဝက်နားရွက်ပြာ ရောဂါအကြောင်း ကန်ကြီးထောင့်၌ ပညာပေးဟောပြော



ကန်ကြီးထောင့် ဇွန် ၂၇

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ဝက်နားရွက်ပြာရောဂါနှင့် ကျွဲနွားများရောဂါအကြောင်း အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၆ ရက်က ဒါးကတိုက်နယ်၌ ကျင်းပရာ အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဆန်းဝင်းက ဝက်နားရွက်ပြာရောဂါအကြောင်းအသိပညာ ပေးဆွေးနွေးခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါက်တာ စိုးသီဟကျော်က ကျွဲနွားများအကြောင်း အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ပက်ဖျန်း

ဆက်လက်၍ ကန်ကြီးထောင့်မြို့ပေါ်ရပ်ကွက်နှင့် ဒါးကတိုက်ကျေးရွာရှိ ဝက်မွေးမြူရေးခြံများကို ပိုးသတ်ဆေးများ ပက်ဖျန်းခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ဓနုဖြူ၌ ခြင်ဆေးဖျန်း

ဓနုဖြူ ဇွန် ၂၇

ဇွန် ၂၅ ရက်က ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စာသင်ကျောင်းများတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်နှင့် အမှုဆောင်အရာရှိ ဦးဌေးလှိုင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ညောင်တုန်းမြို့နယ် မြို့မဈေးကြီးတွင် သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့် ညီညွတ်သော အသား၊ ငါးများ ရောင်းချရေးနှင့် အိုင်အိုဒင်းဆား ရောင်းချစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှဒေါက်တာစုသီရိ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသက်ဦးနှင့် မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာခင်သန်းအေးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အဝိုင်းပတ်ယာဉ်ကို ဦးစားပေးပါ

မြန်မာ့အလင်း မှုခင်းသတင်း

လူကုန်ကူးသူများအား ထောင်ဒဏ်ချမှတ်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်နေ မ××××××အား ၂၀၁၀ ခုနှစ် မတ် ၁၀ ရက်က ဟန်မင်းဝေ(ခ) နီတာဆိုသူက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ လစာကောင်းသော အလုပ်ရမည်ဟု စည်းရုံးခေါ်ဆောင်သွားခဲ့ရာ ရက်ပေါင်း ၂၀ ကြာသည့်တိုင် အဆက်အသွယ်မရှိသဖြင့် မ××××××၏ မိခင် ဒေါ်××××××က ၂၀၁၀ ခုနှစ် မတ် ၃၀ ရက်တွင် အင်းစိန်ရဲစခန်းသို့ လူပျောက် တိုင်ကြားခဲ့သည်။

သက်ဆိုင်ရာ ရဲစခန်းက ဟန်မင်းဝေ(ခ)နီတာအား စစ်ဆေးခဲ့ရာ ဟန်မင်းဝေ(ခ)နီတာသည် မ××××အား အေးသူဇာ(ခ)အငယ်မ၊ အောင်အောင်ဦး(ခ)ကိုမောင်နှင့် မင်းယျာ(ခ)ကိုမင်းတို့နှင့်ပူးပေါင်းကာ ရန်ကုန်-မန္တလေး၊ လားရှိုး-ချင်းရွှေဟော်မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ပြီး အမျိုးသားတစ်ဦးနှင့် အမွှေလက်ထပ်ပေါင်းသင်းရန် ငွေကျပ် ၁၀သိန်းဖြင့် ရောင်းစားခဲ့ကြောင်း သိရှိရသည်။ မ××××××သည် တစ်ဖက်နိုင်ငံ ရဲစခန်းသို့ သွားရောက် သတင်းပို့သဖြင့် ထိုမှ မြန်မာနိုင်ငံနေအိမ်သို့ ၂၀၁၀ ခုနှစ် ဇွန် ၁၂ ရက်တွင် ပြန်လည်ရောက်ရှိခဲ့သည်။

ဟန်မင်းဝေ(ခ)နီတာ၊ အေးသူဇာ(ခ)အငယ်မ၊ အောင်အောင်ဦး(ခ)ကိုမောင်နှင့် မင်းယျာ(ခ)ကိုမင်းတို့အား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့ရာ တရားခံ ဟန်မင်းဝေ(ခ)နီတာ၊ အေးသူဇာ(ခ)အငယ်မနှင့် အောင်အောင်ဦး(ခ)ကိုမောင်တို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် နှစ် ၂၀စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။ *(ရီရီမြင့်-သတင်းစဉ်)*

ဖြူးမြို့ပေါ်၌ ကားသုံးစီးဆက်၍တိုက်မိ

ဖြူး ဇွန် ၂၇

ဖြူးမြို့ပေါ်လမ်းဟောင်း၌ ဂုန်လျှော်များတင်ဆောင်၍လမ်းဘေး၌ ရပ်ထားသည့်ကားကို နောက်မှသစ်လုံးတင်ကားက ဝင်တိုက်၍ ကားသုံးစီးဆက်တိုက်မှု ဖြူးမြို့၌ ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဇွန် ၂၀ ရက် ညနေ ၃ နာရီခွဲက ဖြူးမြို့ပေါ် လမ်းဟောင်း မိုင်တိုင် ၁၄၂/၁ နှင့် ၁၄၂/၂ ကြား မြောက်ဘက်မှတောင်ဘက်သို့ ယာဉ်မောင်း မောင်ငွါးဆာ (၃၁)နှစ်၊ (ဘ) ဦးငါးရေထီး မောင်းနှင်လာသော သစ်လုံးတင်ယာဉ် ၈ခ/ နီဆန်း ဒီဇယ် ၁၀ ဘီးကားသည် ဖြူးမြို့ ထပ်တရာလန်း လက်ဖက်ရည်ဆိုင်ရှေ့ လမ်းဘေး၌ ဘီးတစ်ဖက်တင်၍ရပ်ထားသော ယာဉ်မောင်း ဦးသန်းထွန်း၊ ၄၅နှစ်၊ (ဘ)ဦးလှဖေ မ/မင်းစေတီလမ်းသွယ် ရွာမအနောက်ရပ်ကွက် အင်းစိန်မြို့နယ်နေသူ မောင်းနှင်သော ဂုန်လျှော်များ တင်ဆောင်ထားသည့် ဏ/ TE၁၁ အစိမ်းရောင်ယာဉ်ကို နောက်မှဝင်တိုက်မိ သဖြင့် ရပ်ထားသည့် ဏ/TE ၁၁ ယာဉ်မှာ ရှေ့ဘက်သို့ ပေ ၃၀ ခန့် ရွှေ့ပါသွားစဉ် လမ်းဘေးမြေသားပေါ်၌ ရပ်ထားသည့် အလှပြင်ပစ္စည်းများ တင်ဆောင်ထားသော ယာဉ်မောင်း ကိုဇော်ဇော် ၃၁ နှစ်၊ (ဘ)ဦးမျိုးအောင် ပြင်ဦးလွင်လမ်း ၁၈ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေသူ မောင်းသည့် ၈ခ/လိုက်ထရပ် အဖြူရောင် ယာဉ်၏ နောက်ပိုင်းကို ဏ/TE၁၁ ယာဉ်မှ ထပ်မံ ဝင်တိုက်မိခဲ့ပြန်သည်။

ယာဉ်တိုက်မှုကြောင့် ၈ခ/ယာဉ်မောင်း မောင်ငွါးဆာ၏ ယာဘက် ပေါင်ကျိုးဒဏ်ရာရရှိပြီး ယာဉ်မှာ ဦးခေါင်းပိုင်းပျက်စီးသွားသည်။ ယာဉ်ကို မဆင်မခြင် မောင်းနှင်သူ မောင်ငွါးဆာအား ဖြူးရဲစခန်းက အရေးယူထားကြောင်း သိရှိရသည်။ **(၁၁၃)**

ငါးသယံဇာတထိန်းသိမ်းရေး ရွှေကျင်မြို့နယ်၌ ပညာပေးဟောပြော

ရွှေကျင် ဇွန် ၂၇

ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသော ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါရုံး၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဦးက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်တိုးက ငါးသယံဇာတများ ရေရှည်တည်တံ့ရန်၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန် တားမြစ်ထားသော ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းခြင်း၊ ဓာတုဆေးဝါးပိုးသတ်ဆေးများဖြင့် အသုံးပြု အဆိပ်ချငါးဖမ်းဆီးခြင်းမပြုလုပ်ရန် ပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော် ဈေးသည်များ ရှင်းလင်းပေးပါ

စာတည်းရှင့်-

သာကေတမြို့နယ် (၁၀)မြောက်ရပ်ကွက် ပတ်လမ်းမ တစ်လျှောက်တွင် လမ်းဘေးကျူးကျော်ဈေးသည်များ လမ်းပိတ်ဆို့ကာ ဈေးခင်း ရောင်းချနေပါသဖြင့် သွားလာရေး အခက်အခဲဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **(၁၀)မြောက်ရပ်ကွက်သူ**

ညော်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းရှင့်-

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့ နှမ်းကြဲကျေးရွာ အမှတ်(၆၇) အခြေခံပညာမူလတန်းကျောင်းအနီးရှိ စွန့်ပစ်ပလတ်စတစ်ဟောင်းများအား ကျိုချက်သော စက်ရုံမှ ထွက်ရှိလာသည့် ညော်နံ့ဆိုးများကို ပတ်ဝန်းကျင်နေထိုင်သူများ နေ့စဉ်ရှူရှိုက်နေရသောကြောင့် ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်စေချင်

စာတည်းခင်ဗျား-

ကျောက်တံတားမြို့နယ် အမှတ် (၂)ရပ်ကွက် ၁၅၁-၁၅၅ မြေညီထပ် အနော်ရထာလမ်းမကြီးရှိ နောက်ဖေးလမ်းကြားတွင် အပေါ်ထပ်အိမ်ခန်းများမှ အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်မှုများကြောင့် ရေမြောင်းများပိတ်ဆို့ပြီး ရေမစီးဘဲ ဆိုင်ခန်းအတွင်းသို့ ရေများစီးဝင်ပြီး ပစ္စည်းများ ရေစိုပျက်စီးဆုံးရှုံးမှု ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **သန့်ရှင်းလိုသူ**

လောင်စာဆီနံ့ကြောင့် ကျန်းမာရေးထိခိုက်ရှင်းလင်းပြီး

၁၄-၆-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ဟသ္သာတမြို့ ဆင်းဇေကရီလမ်း လောင်စာဆီနံ့များကြောင့် ကျန်းမာရေးထိခိုက်သဖြင့် ဖယ်ရှားပေးပါရန်** ကိစ္စနှင့် ပတ်သက်ပြီး ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရှင်းလင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

Congratulation !

With auspicious appreciation to president U Aung Zaw Win (Shine Group of Companies) for the First Debut of Viglacera Showroom opening ceremony held on 12.6.2011.

Warm regards.

METHODIST HEADQUARTERS
Methodist Church (Lower Myanmar)
No.20/22 , Alanpya Pagoda Road, Yangon .

အမြန်ပြန်လာပါ

အထက်ပါဓာတ်ပုံရှင် အဖ ဦးဆန်းဝင်း၏ သားဖြစ်သူ မောင်အောင်ကျော်ဖြိုး ၁၄/ကကန(နိုင်)၁၂၁၉၂၅

အသက် ၁၅နှစ်ခန့်သည် ၂၁-၆-၂၀၁၁ ရက် နံနက် ၈း၃၀နာရီတွင် ကျောင်းကုန်းမြို့ အမှတ်(၃)ရပ်ကွက်မှ ကျောင်းသို့သွားစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆန်းဝင်း
ဖုန်း-၀၉-၄၉၇၄၉၈၇၄၊ ၀၉-၅၁၅၆၁၉၉၊ ၀၉-၇၃၀၀၄၆၆၃

ဆေးဆိုင်အများအပြားနှင့် သူနာပြုအကူမြောက်မြားစွာကို မွေးထုတ်ပေးခဲ့သည့်

အောင်ချမ်းမြေ့

ဆေးဝါးကျွမ်းကျင်၊ သူနာပြုအကူသင်တန်းကျောင်း

အမှတ်(၂၄၉)၊ (2B, 3B, 5B, 6B ထပ်)၊ ဗားဂရာလမ်းမကြီး၊
မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
(မြေနီကုန်း-ဂမုန်းပွင့်ကုန်တိုက်အနီး)
ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၅၁၃၂၂၇၉

- ဝါရင့်ဆေးဝါးကျွမ်းကျင်ပညာရှင်များ၊ ဝါရင့်ဆရာဝန်များ၊ ဝါရင့်သူနာပြုဆရာမကြီးများ ဦးစီးသည်။
- နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်နိုင်ရန်နှင့် ကျွမ်းကျင်သောသူနာပြုအကူဖြစ်စေရန် သီအိုရီနှင့်လက်တွေ့တွဲ၍ သင်ကြားမည်။
- သင်တန်းတက်ပြီး အလုပ်လုပ်ချင်သူများအတွက် ဝန်ဆောင်ခပေးစရာမလိုဘဲ အလုပ်ရစေရမည်။
- ပြည်တွင်းပြည်ပသုံး၍ရသော သင်တန်းဆင်းအောင်လက်မှတ်ထုတ်ပေးမည်။
- နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။ ဘော်ဒါဆောင်ရှိပါသည်။
- တယ်လီဖုန်းဖြင့် နာမည်စာရင်းကြိုတင်သွင်းထားပြီး တက်ရောက်မည့်နေ့မှ ငွေသွင်းလျှင်လည်း ဖြစ်ပါသည်။ သင်တင့်မျှတသောနှုန်းထားသာ ယူသည်။
- သင်တန်းခန်းအထပ်များအားလုံးကို ဓာတ်လှေကားဖြင့် အဆင်းအတက်ပြုလုပ်နိုင်ပါသည်။
- သင်တန်းအပ်လက်ခံရာအထပ်သည် 2B အထပ်တွင်ရှိပါသည်။

"အောင်"ပြီး"ချမ်းမြေ့"မှုတွေရရှိရန်
"အောင်ချမ်းမြေ့"ကိုလာခဲ့ပါ။
နိုင်ငံခြားဆေးပစ္စည်းဆိုင်ဖွင့်ရန်နှင့်
သူနာပြုအကူဝင်လုပ်ရန်အတွက်

(I) **တစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်ငါးရက်သင်)**

အပတ်စဉ် (၁၆၈၉) ၄-၇-၂၀၁၁ ရက် စမည်။ (စနေနှင့် တနင်္ဂနွေ နားရက်)
အပတ်စဉ် (၁၆၉၀) ၅-၇-၂၀၁၁ ရက် စမည်။ (စနေနှင့် တနင်္ဂနွေ နားရက်)
အပတ်စဉ် (၁၆၉၁) ၇-၇-၂၀၁၁ ရက် စမည်။ (စနေနှင့် တနင်္ဂနွေ နားရက်)

(II) **နှစ်လပြတ် အထူးသင်တန်းများ (တစ်ပတ်နှစ်ရက်သင်)**

အပတ်စဉ် (၁၆၉၂) ၅-၇-၂၀၁၁ ရက် စမည်။ (အင်္ဂါနှင့် ဗုဒ္ဓဟူးသင်)
အပတ်စဉ် (၁၆၉၃) ၇-၇-၂၀၁၁ရက် စမည်။
(ကြာသပတေးနှင့် သောကြာသင်)
အပတ်စဉ် (၁၆၉၄) ၉-၇-၂၀၁၁ရက် စမည်။ (စနေနှင့် တနင်္ဂနွေသင်)

အထက်ဖော်ပြပါ လပြတ်သင်တန်းများအတွက်
သင်ကြားနိုင်သည့်အချိန်များ

(I)	07:30 am to 09:30 am	(၁၅) ဦး
(II)	09:30 am to 11:30 am	(၁၅) ဦး
(III)	12:30 pm to 02:30 pm	(၁၅) ဦး
(IV)	01:30 pm to 03:30 pm	(၁၅) ဦး
(V)	05:30 pm to 07:30 pm	(၁၅) ဦး

နိုင်ငံတကာအဆင့်မီ ကျန်းမာရေးစောင့်ရှောက်မှု
ဒီပလိုမာသင်တန်းများ
(I) သုံးလ၊ (II) ခြောက်လ၊ (III) တစ်နှစ် ဒီပလိုမာသင်တန်းများ
(တစ်ပတ်ငါးရက်သင်)

အပတ်စဉ် (၁၆၉၅) ၆-၇-၂၀၁၁ ရက် စမည်။ (စနေနှင့် တနင်္ဂနွေနားရက်)
9:30 am to 03:30 pm (၁၅) ဦး

သားဖွားမီးယပ်(၃)လဒီပလိုမာ
(ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှု)

အပတ်စဉ် (၁၆၉၆) ၄-၇-၂၀၁၁ ရက် စမည်။
(တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး)
9:00 am to 12:00 pm (၁၅) ဦး

မှတ်ချက်။ ။အထက်ပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မျှ သင်တန်းခွဲမရှိပါ။

(Open 6:00 am to 7:00 pm) ပိတ်ရက်မရှိပါ။
http://www.acmnursing training.com

အမည်ပြောင်း

ဦးလှသိန်း၏သမီး အင်းစိန်မြို့နယ် အထက(၃) တက္ကသိုလ်ဝင်တန်း (F)မှ မခိုင်ဝေသူ(ခ) ငြိမ်းအိဖြူအား မငြိမ်းအိဖြူဖွေးဟု ပြောင်းလဲခေါ်ပါရန်။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဖဂုလမ်း၊ အမှတ် ၄၀ တွင် ရုံးခန်းဖွင့်လှစ် ဆောင်ရွက်လျက်ရှိသော Grand Wynn Enterprises Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် LOLANE ဟူသော အမည်အမှတ်အသားနှင့် အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်ဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

LOLANE

အဆိုပါ LOLANE အမှတ်တံဆိပ်အမည် အမှတ်အသားကို အသုံးပြုထားသည့် ဘူးများပေါ်တွင် ငါး၊ ပုစွန်အကောင်ပါ GWE LOLANE တံဆိပ်ပါ ရွှေရောင် STICKER များကပ်နှိပ်၍ ကုမ္ပဏီသည် ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ ဆံပင်ဆိုးဆေးအမျိုးမျိုး၊ ဆံပင်ပေါက်ဆေး၊ ဆံပင်ဖျန်းကော်ရည်၊ ဆံပင်ကောက်ဆေး၊ ဆံပင်ဖြောင့်ဆေး၊ ချွတ်ဆေး၊ ရေမွှေးဆပ်ပြာ၊ ဆံပင်ဆိုးခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆပ်ပြာခရင်(မ်)၊ မျက်နှာလိမ်းခရင်(မ်)၊ အသားအရေလိမ်းခရင်(မ်) အစရှိသည့် အလှကုန်ပစ္စည်းအမျိုးမျိုးတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ယခုအခါ အဆိုပါ ကုန်အမှတ်တံဆိပ်ပါ LOLANE အလှကုန်ပစ္စည်းများ၏ ကောင်းသောဂုဏ်သတင်းကို အခွင့်ကောင်းယူကာ အချို့သော လုပ်ငန်းရှင်များသည် အဆိုပါ အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို ဆင်တူယိုးမှားပြုလုပ်၍ ထုတ်လုပ်ထားသည့် ခေါင်းလျှော်ရည်၊ ခေါင်းလိမ်းဆီ၊ ဆံပင်ဆိုးဆေးအမျိုးမျိုး၊ ဆံပင်ပေါင်းတင်ဆေး၊ ဆံပင်အလှဆီ၊ ဆံပင်ပုံသွင်းဆေး၊ ဆံပင်အားတိုးဆေး၊ ဆံပင်ပေါက်ဆေး၊ ဆံပင်ပျော့ဆေး၊ ဆံပင်ဖျန်းကော်ရည်၊ ဆံပင်ကောက်ဆေး၊ ဆံပင်ဖြောင့်ဆေး၊ ချွတ်ဆေး၊ ရေမွှေးဆပ်ပြာ၊ ဆံပင်ဆိုးခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆပ်ပြာခရင်(မ်)၊ မျက်နှာလိမ်းခရင်(မ်)၊ အသားအရေလိမ်းခရင်(မ်)တို့ကို တရားမဝင်သောနည်းလမ်းဖြင့် တင်သွင်းပြီး ဖြန့်ဖြူးရောင်းချနေကြောင်း သိရှိရပါသည်။

ယင်းသို့ ဖြန့်ဖြူးရောင်းချနေသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အဆိုပါ ကုန်အမှတ်တံဆိပ်ပါ အလှကုန်ပစ္စည်းများကို တရားမဝင်သောနည်းလမ်းဖြင့် ထုတ်လုပ်ခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းများ လုံးဝမပြုလုပ်ကြပါရန် ထပ်မံသတိပေးတားမြစ်ပါသည်။ အကယ်၍ သတိပေးတားမြစ်ချက်အား လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေအရ ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

GRAND WYNN ENTERPRISES LTD. ၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကြည်ဝင်းအဖွဲ့
ဦးသန်းဝင်း (B.Com, B.L)
(လိုင်စင်အမှတ်-၂၃၅၈၂)
ဖုန်း-၃၇၂၄၁၆

နှစ်(၂၀)ပြည့် မင်္ဂလာဆုတောင်း

ဗိုလ်မှူးမြတ်ငွေးလင်း(ငြိမ်း)-ဒေါ်စုစုကို

မောင်လေး ဗိုလ်မှူးမြတ်ငွေးလင်း(ငြိမ်း)-ညီမလေး မစုစုကို(မစု)တို့၏၂၆-၆-၂၀၁၁ရက်တွင် ကျရောက်သော နှစ်(၂၀)ပြည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျန်းမာ ချမ်းသာဘေးရန်အပေါင်းများစွာကို ကျော်လွှားနိုင်ပြီး ဘာသာ၊ သာသနာအကျိုးများကို အားထုတ်နိုင်သောသူတော်ကောင်းများဖြစ်ပြီး သားကြီး မြတ်ကိုအေး၊ သမီးငယ် ရတီလင်းတို့နှင့်အတူ နောင်နှစ်ပေါင်းများစွာတိုင်အောင် ပျော်ရွှင်စွာဖြင့် နေနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အစ်မကြီး-ဒေါ်ခင်ခင်စန်း၊ ဒေါ်ကြည်ကြည်စိန်
တူမလေး-မမို့ဖြူ ကုလားအုပ်ဖိနပ်မိသားစု
(ဗိုလ်ချုပ်ဈေး)

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်စက်ဘီးပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၇)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးပြိုင်ပွဲကို ဇူလိုင်လ၂ရက်မှ ၅ရက်အထိ နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အမျိုးသား မီတာ ၄၀၀၀၊ ကီလိုမီတာ ၅၀၊ ကီလိုမီတာ ၁၈၀ပြိုင်ပွဲနှင့် အမျိုးသမီး မီတာ ၅၀၀၊ ၂၅ ကီလိုမီတာ၊ ကီလိုမီတာ ၁၂၀ ပြိုင်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဇူလိုင်လ ၁ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၇၃၀၅၆၇၁၀၊ ၀၉-၈၆၂၁၅၂၄၊ ၀၉-၄၉၂၀၃၃၀၃၊ ၀၆၇-၄၁၇၂၅၇နှင့် ၀၁-၅၆၁၃၃၆ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

ဖခင်အမည်မှန်

အထက(၁)၊ကန့်ဘလူ၊ တက္ကသိုလ်ဝင်တန်းမှ မဝင်းဝင်းငွေး၏ ဖခင်အမည်မှန်မှာ ဦးတင်ဆင့် ၅/ကဘလ(နိုင်)၀၈၃၈၂၇ ဖြစ်ပါကြောင်း။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၆-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈း၀၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၈း၁၀ ၇။ နှောင်းခေတ် တေးပဒေသာ
- ၈း၂၀ ၈။ မြေကမ္ဘာမှတ်တမ်း
- ၈း၃၀ ၉။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၁၅ ၃။ တေးဂီတအစီအစဉ်
- ၄း၂၅ ၄။ နားဝင်ပီယံသူ့လက်သံ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၅း၀၀ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၅း၁၅ ၈။ **တောမြိုင်စွန်းမှ လွမ်းမျက်ရည်**
- ၅း၄၀ ၉။ ရင်မှာစွဲထင်တေး အလှသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ နဝရတ် (အပိုင်း-၁)
- ၆း၃၅ ၁၃။ ဆိုလိုက်ကြစို့
- ၇း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၄)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ရယ်စရာဟာသများ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၀)
- ၂၀။ အစီအစဉ်ပြီး၏။

ဥတုရာသီ တောကိုမြို့၏

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နည်းပညာတက္ကသိုလ်(တောင်ကြီး)၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေ၌ နိုင်ငံသားတစ်ဦးချင်း၏ ရပိုင်ခွင့်ကို ပြဋ္ဌာန်းပေးထား
နိုင်ငံသားတစ်ဦးဖြစ်လာလျှင် နိုင်ငံ၏ ဥပဒေဘောင်အတွင်း နေထိုင်ရမည်
ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး သတ်မှတ်ထားသည့် ဥပဒေများအတိုင်း လိုက်နာ

နေပြည်တော် ဇွန် ၂၇

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ဇွန် ၂၆ ရက် နံနက် ၇ နာရီတွင် တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ မြို့လယ်မဏ္ဍပ်၌ ကျင်းပသော ရှမ်းပြည်နယ်မှ ဆရာတော်ကြီးများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆